# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၉)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းနှင့်အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (အောက်ပုံ)(သတင်းစဉ်)



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ■



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

# နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး စက်မှုကဏ္ဍထွန်းကားရေး အလေးထားကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်ရေးတို့အတွက် စက်မှုကဏ္ဍထွန်းကားရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအနှံ့အပြား၌ စက်မှုဇုန်များ ဖွံ့စည်းကာ အရှိန်အဟုန်မြှင့်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် မန္တလေး၊ မုံရွာနှင့်အေးသာယာစက်မှုဇုန်များတွင် ခေတ်မီသံနှင့်သံထည်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်နိုင် နေပြီဖြစ်သည်။ တစ်ချိန်က ပြည်ပမှတင်သွင်းခဲ့ရသော စက်အရန်ပစ္စည်းများမှာ ယခုအခါ ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သည်အထိ အောင်မြင်ခဲ့သဖြင့် ကုန်ကျစရိတ် သက်သာကာ နိုင်ငံခြားငွေလည်း ခြိုးခြံချွေတာရာ ရောက်ပေသည်။

ထိုသို့ စက်မှုကဏ္ဍဖြစ်ထွန်းမှုများကြောင့် အချိန်တိုကာလအတွင်း အောင်မြင်မှုများရရှိခဲ့ရာ ပုဂ္ဂလိက စက်မှုကဏ္ဍအနေဖြင့် ၂၀၀၂–၂၀၀၃ခုနှစ်၌ ၂၃ရာခိုင်နှုန်းကျော်၊ ၂၀၀၃–၂၀၀၄ခုနှစ်၌ ၃၀ရာခိုင်နှုန်းကျော်၊ ၂၀၀၄–၂၀၀၅ခုနှစ်၌ ၂၅ရာခိုင်နှုန်းကျော် နှစ်စဉ်တိုးတက်ခဲ့သည်ကို တွေ့ရသည်။

နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပါဝင်မှုလည်း အရေးကြီးသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကအပိုင်းမှ ပါဝင်ဆောင်ရွက်မှုကိုကြည့်ပါက ၂၀၀၂–၂၀၀၃ခုနှစ်၌ ၉၀ရာခိုင်နှုန်း၊ ၂၀၀၃–၂၀၀၄ခုနှစ်၌ ၉၂ရာခိုင်နှုန်းနှင့် ၂၀၀၄–၂၀၀၅ခုနှစ်၌ ၉၃ ရာခိုင်နှုန်းကျော် တစ်စထက်တစ်စ တိုးတက်ပါဝင်လာသည်ဖြစ်ရာ ပုဂ္ဂလိကစက်မှုကဏ္ဍမှာ ကျယ်ပြန့်လာလျက်ရှိသည်။

ထိုသို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများအပေါ် အရင်းတည်ကာ ဒေသအလိုက်၊ အမျိုးအစားအလိုက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် မျက်ခြည်မပြတ် အားပေးမြှင့်တင်သွားရမည်ဖြစ်သည်။

နိုင်ငံတော်အတွင်း စက်မှုကဏ္ဍအသစ်ဖြစ်ထွန်းမှုများကို အားပေးကာ နိုင်ငံပိုင်စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အရေအတွက်နှင့် အရည်အချင်းအရပါ တိုးတက်ဖြစ်ထွန်းလာစေရေးတို့ကို နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းတို့ပူးပေါင်းပြီး ခေတ်မီနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်းဖြင့် စက်မှုနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် ပန်းဘဲတန်း၊ လသာ၊ ကျောက်တံတား သုံးမြို့နယ် စုပေါင်း၍ မဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲကို နိုဝင်ဘာ ၄ ရက်က ကျင်းပရာ ဂေါပကဥက္ကဋ္ဌ ဦးဟန် (သီတဂူ)နှင့် နာယက ဦးသန်းအောင် (အဏ္ဏဝါ) တို့က နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩသဓောဘိဝံသထံ မဟာဘုံကထိန် ဥတ်သင်္ကန်းဆက်ကပ် လှူဒါန်းနေစဉ်။ (၃၅၂)

# ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်း ဥမင်လိုဏ်အတွင်းပိုင်း ကွန်ကရစ်လောင်း လုပ်ငန်းများပြီးစီး

နေပြည်တော် နိုဝင်ဘာ ၇

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးချောင်း သဘော်မြောင်ရိုးအနီး၌ တည်ဆောက်နေသည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ရေလွှဲဥမင်လိုဏ်အထွက်ပိုင်း ရေလျှောဆင်းမည့်နေရာ ကွန်ကရစ်လောင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းတင်ပြ

ထို့နောက်ဝန်ကြီးအား စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ဖြူးချောင်း ရေလှောင်တမံဘက်စုံ စီမံကိန်းတွင် ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်နေသည့် ရေလွှဲဥမင်လိုဏ်တည်ဆောက်မှု၊ မြေသားတမံနှင့် ရေပိုလွှဲ တည်ဆောက်နေသည့် လုပ်ငန်းများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ရေလွှဲဥမင်လိုဏ်သည် အချင်း ၁၃ ပေ၊ အရှည် ၂၄၇၇ ပေရှိရာ ယခုအခါ ဥမင်လိုဏ်အတွင်းပိုင်းကွန်ကရစ်လောင်း လုပ်ငန်းအပါအဝင် လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။ မြေသားတမံတည်ဆောက်ရန်အတွက် ပြင်ဆင်မှုလုပ်ငန်းများနှင့် ရေပိုလွှဲတည်ဆောက်မှုလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

### ပံ့ပိုးဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးအား အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးတင့်လွင်က ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်း၏ ရေသွယ်ဥမင်လိုဏ် တည်ဆောက်မှု လုပ်ငန်းကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော တည်ဆောက်ရေး တာဝန်ခံများအား ညှိနှိုင်းဆက်စပ်ပူးပေါင်းဆောင်ရွက်ရေး မှာကြားကာ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းကူညီပေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဖြူးချောင်းတစ်ဖက်ကမ်း၌ လုပ်ငန်းဆောင်ရွက်နေသော ရေလွှဲဥမင်လိုဏ် အဝင်ပိုင်းနှင့် ဥမင်လိုဏ် အတွင်းပိုင်း ကွန်ကရစ်လောင်း ပြီးစီးမှု၊ ရေလွှဲဥမင်လိုဏ်အထွက်ပိုင်းနှင့် ဘေးနံရံများ ကွန်ကရစ်လောင်းမှု၊ ရေပိုလွှဲတည်ဆောက်နေမှုနှင့်ပင်မတမံတည်ဆောက်ရန်၊ ကြိုတင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၈–၁၁–၂၀၀၆**

**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၃၅ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၄၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၄၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း–၁၅) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ၂၀၀၆ ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်း **"အမိကောင်းကင် ကြယ်စင်မောင်နှမ"** (အပိုင်း–၂) ဒွေး၊ လူမင်း၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့် သဥ္ဇာဝင့်ကျော် |

## အလှူတော်ငွေ ပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက အုတ်မြစ်တော်စီပေးခဲ့ပြီး မြန်မာ့ဂုဏ်ဆောင်ကမ္ဘာ့ဗုဒ္ဓဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ထားလျက်ရှိသည့် ကမ္ဘာ့အဌမမြောက် အံ့ချီးဖွယ်ဖြစ်လာမည့် ရွှေတိဂုံစေတီတော်ကြီးပုံတော်တူ ကမ္ဘာ့ဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် ဆဌမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှသတင်း ရရှိသည်။ **(က–ပ)**



**အောက်တိုဘာ ၂၆ရက်က ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်ပွဲနှင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်စမ်းစမ်းအေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈–၁၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ထူးမြတ်တင့်ဆန်း ကြာသင်္ကန်း |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၇း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရား |
| ၈း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၂၅ | အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (အရင်လို စိတ်မချလို့ပါရှင်ရယ် စီးရိုးမိတ်ဆက်ပွဲ) |
| ၈း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၈း၅၅ | မောပြေလန်းဆန်းစေတဲ့ အချိုရည်ချိုချို |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | သစ်တောသယံဇာတ စာရင်းကောက်ခြင်း |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | Midweek Sports News |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ | ရေငွေ့သုံး ဆန်အရောင်တင်စက် |
| ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ရန်ကုန်–ကျောက်ဖြူ လမ်းမကြီး (အပိုင်း–၁) |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | Myanmar Video Rhythm |
| ၁၁း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | သွင်းကုန်အစားထိုး စံချိန်မီ မော်တာပန်ကာကြီး |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# တစ်မျိုးသားလုံး၏ မွန်မြတ်သည့်ပန်းတိုင်

နိုင်ငံတော်က အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံများ တည်ဆောက်ပေးပြီး တစ်ဆက်တည်းမှာပင် နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ကာ အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကလည်း နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော် နှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ရည်ရွယ်ချက်(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ် (၁၁)ပါးနှင့် တာဝန်ဝတ္တရား(၁၄)ချက်ကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကပင် နိုင်ငံတော်အကျိုး၊ ဒေသအကျိုး၊ ပြည်သူ့အကျိုးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ပေသည်။ အသင်းကြီး၏ ရပ်တည်ချက် လုပ်ငန်းစဉ်များကို တိုင်းရင်းသား ပြည်သူများက ယုံကြည်လက်ခံပြီး အမျိုးသားရေးအသိဖြင့် ပူးပေါင်းပါဝင်လာကြသဖြင့် ၁၃ နှစ်တာကာလ အတွင်း အသင်းဝင်အင်အား ၂၃ သန်းကျော်အထိ တိုးတက်များပြားလာခဲ့သည်။

ထို့ကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်လျက်ရှိသည့် စွမ်းအားစုတစ်ရပ်ဖြစ်ပေသည်။ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြမည့် လူငယ်များပါဝင်သော အသင်းကြီးဖြစ်ပေသည်။

အသင်းကြီးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၅ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် အောက်ပါ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို ချမှတ်ခဲ့ပေသည်–

- **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တို့သည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာကွယ်တည်ဆောက်ရေး။**
- **နိုင်ငံတော် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကို အသင်းကြီး၏ မူဝါဒအဖြစ် ခံယူကျင့်သုံးရေး။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေး။**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအားဖြင့် ကာကွယ်ရေး။**
- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များ အောင်မြင်ပြည့်စုံရေးအတွက် အသင်းကြီးက တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်ရေး။**

### တင်မာဝင်း



## သန့်ရှင်းရေးဆောင်ရွက်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို ဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၆ ရက်နေ့က မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ မြို့နယ်ပြည်သူ့ဆေးရုံကြီး အတွင်း သန့်ရှင်းရေးဆောင်ရွက်နေကြသည်ကို ဤသို့ တွေ့ရသည်။**

- **နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီးပွားရေး စီမံကိန်းများ အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်သွားရေး။**
- **အသင်းဝင်များ၏ အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်မြှင့်တင်ရင်း ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေးနှင့် နယ်ပယ်အားလုံးကွက်ပြည့်တိုးချဲ့စည်းရုံးရေး။**
- **လုပ်ငန်းစဉ်ကြီး(၅) ရပ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ရင်း စည်းရုံးရေးခိုင်မာစွာ တည်ဆောက်ရေး။**
- **အသင်းနာယကကြီး မိန့်ကြားသောသြဝါဒများကို မိမိတို့၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးရေး**

တို့ ဖြစ်သည်။

ယင်းရှေ့လုပ်ငန်းစဉ်များသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ရမည့် အမျိုးသားရေး တာဝန်များလည်းဖြစ်ခြင်းကြောင့် ပြည့်ပြည့်ဝဝ ပေါက်မြောက် အောင်မြင်စေရန် ဘက်စုံ၊ ကဏ္ဍစုံ၊ နည်းလမ်းစုံဖြင့် ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိပေသည်။

အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍမှာ ပဓာနကျစွာ ပါဝင်သည်။ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များအဖြစ်ချမှတ်ထားသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်များက အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့်လည်း မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်က အားထားသည့် အမျိုးသားရေး စွမ်းအားစုအဖြစ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာတွင် အသင်းကြီးက စွမ်းရည်အမျိုးမျိုးရရှိစေသည့် သင်တန်းများကို ဖွင့်လှစ်ပို့ချ လေ့ကျင့်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အသင်းဝင်များအတွက် အမှုဆောင်စီမံခန့်ခွဲမှုသင်တန်း၊ အထူးမွမ်းမံသင်တန်း၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ သင်တန်း၊ အဆင့်မြင့်သင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်း၊ မြန်မာ့ဖွံ့ဖြိုးမှုလေ့လာရေးသင်တန်း၊ ဘာသာစကားသင်တန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုသင်တန်း၊ အနုသုခမသင်တန်းနှင့် အခြေခံသတင်းစာပညာသင်တန်း စသည့် သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းများက ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်း၏တန်ဖိုး အေးချမ်းတည်ငြိမ်ရေး၏တန်ဖိုးကို သဘောပေါက်ပြီး အမျိုးသားနိုင်ငံရေး၊ အရည်အသွေးကောင်းများနှင့် ကျွမ်းကျင်မှုအတတ်ပညာ၊ အသက်မွေးမှုအတတ်ပညာများ ရရှိစေလျက် တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များကို ဖော်ထုတ်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွင်း ဒေသအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဒေသ ၂၄ခု ဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဟူ၍ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး အခြားကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခဲ့သည်။ တစ်ဖက်ကကြည့်လျှင်လည်း အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနေခြင်းလည်း ဖြစ်သည်။ တစ်ဆက်တည်းမှာပင် နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ချမှတ်ကာ အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်နှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် အသင်းဝင်များသည် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး ဖြစ်သည်။ ဤရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကို ချစ်မြတ်နိုးသော နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံထားသည့် တစ်မျိုးသားလုံး၏ မွန်မြတ်သော ပန်းတိုင်လည်း ဖြစ်သည်။ ထိုမွန်မြတ်အရေးပါသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူတစ်ရပ်လုံးနှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို အမျိုးသားရေးအင်အားစုကြီးအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်**ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးဖြစ်။**

**ဤရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကိုချစ်မြတ်နိုးသော နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံထားသည့် တစ်မျိုးသားလုံး၏ မွန်မြတ်သော ပန်းတိုင်လည်းဖြစ်။**

**ထိုမွန်မြတ်အရေးပါသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူတစ်ရပ်လုံးနှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို အမျိုးသားရေးအင်အားစုကြီးအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်။**

# လာမည့် ဆယ်နှစ်တာကာလအတွင်း တရုတ်နိုင်ငံက ဂြိုဟ်တုငယ် အလုံး၅၀ကျော် လွှတ်တင်မည်

ဝှမ်ဒေါင်း နိုဝင်ဘာ ၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လာမည့်ငါးနှစ် ဆယ်နှစ်အတွင်း ကီလိုဂရမ်၁၀၀၀အောက်သာ အလေးချိန်ရှိသည့် ဂြိုဟ်တုအငယ်စား အလုံး၅၀ကျော်ကို လွှတ်တင်လိမ့်မည်ဖြစ်ကြောင်း တရုတ်အာကာသကုမ္ပဏီတစ်ခုက ဝှမ်ဒေါင်း ပြည်နယ် လေကြောင်းပြပွဲ၌ ကြေညာသည်။**

အဆိုပါ ဂြိုဟ်တုငယ်အလုံး ၅၀ နှင့် ယင်းတို့၏စနစ်များသည် ပတ်ဝန်းကျင် လေ့လာရေး၊ သိပ္ပံဆိုင်ရာ စမ်းသပ်ချက်များနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာအတွက် ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ လာမည့်ငါးနှစ်မှ ဆယ်နှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်း အတာအရ ဂြိုဟ်တုငယ်အလုံး ၂၀၀မှ ၃၀၀အထိ လွှတ်တင်ကြလိမ့်မည်ဖြစ်ကြောင်း တရုတ်အာကာသ သိပ္ပံနှင့် အာကာသလုပ်ငန်း ကော်ပိုရေးရှင်း သတင်းရပ်ကွက်က ပြောကြားသည်။

## လွှတ်တင်ခဲ့

တရုတ်နိုင်ငံသည် ၂၀၀၁ခုနှစ်မှစ၍ စွမ်းဆောင်ရည်မြင့်မားသည့် ဂြိုဟ်တုငယ်အချို့ကို လွှတ်တင်ခဲ့ပြီး ဖြစ်သည်။

## ဦးဆောင်နေ

ထို့အပြင် တရုတ်နိုင်ငံသည် ဂြိုဟ်တုငယ်များတည်ဆောက်ရာတွင် အဆင့်မြင့်နည်းပညာများ သုံးပြီးတည်ဆောက်ထား၍ ကမ္ဘာပေါ်တွင် ဂြိုဟ်တုငယ် လွှတ်တင်ရေး၌ ထိပ်ဆုံးမှ ဦးဆောင်နေပြီဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



ဂျပန်နိုင်ငံမြောက်ပိုင်း ဆာရိုမာမြို့တွင် လေဆင်နှာမောင်းတိုက်ခတ်သွားပြီးနောက် ပျက်စီးခဲ့သည့် နေအိမ်များနှင့် ဒဏ်ရာရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# သမ္မတဘုရှ်၏ အီရတ်နိုင်ငံဆိုင်ရာမူဝါဒ အမေရိကန်အထင်ကရပုဂ္ဂိုလ်နှစ်ဦးဝေဖန်ပြစ်တင်

**ဝါရှင်တန် နိုဝင်ဘာ ၇**

အမေရိကန်သမ္မတဘုရှ် အုပ်စုဝင်များဖြစ်ကြသည့် ထင်ရှားသော ကွန်ဆာဗေးတစ် နှစ်ဦးဖြစ်သူ ရစ်ချတ်ပါလေနှင့်ကက်နက်အဒဲလ်မန်တို့က သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာ မူဝါဒကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်လိုက်ကြောင်း ဗယ်နစ်တီဖဲယား မဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်ဟု အမေရိကန် မီဒီယာက နိုဝင်ဘာ၄ရက်တွင် ဖော်ပြထားသည်။

## အကြံပြုတိုက်တွန်း

အမေရိကန်စစ်ဌာနချုပ်၏ ကာကွယ်ရေးမူဝါဒဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် ရစ်ချတ်ပါလေသည် အီရတ်အား ဝင်ရောက်တိုက်ခိုက်ရန် အခိုင်အမာ အကြံပြုတိုက်တွန်းခဲ့သည်။

## ဝေဖန်

သမ္မတဘုရှ် အစိုးရအဖွဲ့အတွင်း အသုံးမကျမှုကြောင့် အီရတ်ဆိုင်ရာ အမေရိကန်မူဝါဒမှာ မအောင်မြင်သည့်အသွင်သို့ ပြောင်းသွားရကြောင်း ၎င်းက ဝေဖန်လိုက်သည်။

## တည်ဆောက်ရေး

အဒဲလ်မန်ကလည်း စစ်ပြီးခေတ် အီရတ်ပြန်လည်တည်ဆောက်ရေးကို သမ္မတဘုရှ်၏ အမျိုးသားလုံခြုံရေးအဖွဲ့ ကိုင်တွယ်ဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ ပြင်းထန်စွာ ဝေဖန်လိုက်သည်။ စစ်ပြီးခေတ်တွင် ၎င်းတို့သည် အရည်အချင်းမပြည့်ဝဆုံးသူများစာရင်းတွင် ပါဝင်သွားကြောင်းဖြင့် အဒဲလ်မန်က ဝေဖန်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာဖရိကထောက်ပံ့ရေးနှစ်ဆတိုးရန် တရုတ်၏ ဆုံးဖြတ်ချက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ချီးကျူးကြိုဆို

**ယူနိုက်တက်နေရှင်း နိုဝင်ဘာ ၇**

တရုတ်နိုင်ငံအစိုးရအနေဖြင့် အာဖရိကတိုက်သို့ ၂၀၀၉ခုနှစ်တွင် နှစ်ဆတိုးမြှင့် ကူညီထောက်ပံ့မည်ဖြစ်ကြောင်း ကြေညာချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က နိုဝင်ဘာ ၄ ရက်တွင် ချီးကျူးကြိုဆိုလိုက်သည်။

## ထုတ်ပြန်ကြေညာ

တရုတ်–အာဖရိက ပူးပေါင်းဆောင်ရွက်မှု တတိယအကြိမ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သူများကို ကိုဖီအာနန်က နွေးထွေးစွာကြိုဆိုပါကြောင်း ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်ကြေညာသည်။

## ယုံကြည်

အာဖရိကတိုက် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို အာဖရိကပြည်သူများက ကိုင်တွယ်ဖြေရှင်းရန် ဆုံးဖြတ်ထားစဉ် တရုတ်ပြည်မှ ၎င်းတို့မိတ်ဆွေများ၏ အတွေ့အကြုံများမှ အကျိုးရလဒ်များ ကောင်းစွာရရှိနိုင်သည်ဟု ကိုဖီအာနန်က ယုံကြည်သည်။ တရုတ်မိတ်ဆွေများသည် ဆင်းရဲမွဲတေမှုလျှော့ပါးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအောင်မြင်ရေးကို ဖော်ဆောင်နိုင်သူများ ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အပျော်စီးသင်္ဘောကြီး

**ဂျာမနီနိုင်ငံမြောက်ပိုင်း ပါပင်ဘတ်မြို့ မီယာသင်္ဘောကျင်းတွင် အသစ်တည်ဆောက်ထားသော အပျော်စီးသင်္ဘောကြီးတစ်စင်းကို နိုဝင်ဘာ ၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)






**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် တရုတ်နိုင်ငံတကာ အလှမယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခြင်းခံရသည့် မလေးရှားအလှမယ် တစ်ဦးကို နိုဝင်ဘာ ၄ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# အရက်သောက်သုံးမှုကြောင့်သေဆုံးသူ ဖင်လန်နိုင်ငံ၌ မြင့်တက်လာ

**ဟယ်စင်ကီး နိုဝင်ဘာ ၇**

အရက်သေစာ သောက်စားမှုမှာ ဖင်လန်နိုင်ငံ အမျိုးသားများ သေဆုံးမှုတွင် ထိပ်မှပြေးနေသည့် အကြောင်းရင်းဖြစ်ပြီး အမျိုးသမီးများအတွက် ဒုတိယမြောက် အများဆုံး သေဆုံးမှုဖြစ်ပေါ်သည့် အကြောင်းရင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်ဆို၏။

## သေဆုံး

နိုင်ငံတော်စာရင်းအင်းအဖွဲ့က ထုတ်ပြန်သည့် ၂၀၀၅ခုနှစ် စာရင်းများတွင် အသက် ၁၅ နှစ်မှ ၆၄နှစ်အတွင်းရှိ ပြည်သူများအနက် အရက်သေစာ သောက်သုံးမှုကြောင့် သေဆုံးရမှုမှာ နှလုံးသွေးကြောရောဂါ သို့မဟုတ် ကင်ဆာရောဂါကြောင့် သေဆုံးမှုထက် ပိုများကြောင်းတွေ့ရသည်။

အမျိုးသမီး အများအပြားတွင် အရက်သောက်မှုကြောင့်သေဆုံးရခြင်းမှာ ရင်သားကင်ဆာကဲ့သို့ ၂၀၀၅ ခုနှစ်က များပြားသည်။

## မြင့်တက်

ဖင်လန်နိုင်ငံ၌ ပြည်သူတို့၏ အရက်သေစာသောက်သုံးမှုမှာ လွန်ခဲ့သည့်နှစ်ပေါင်း၂၀အတွင်းတွင် ပုံမှန်မြင့်တက်ခဲ့သည်။ ယမန်နှစ်က အရက်သောက်သုံးမှုနှင့်ဆက်နွယ်၍ သေဆုံးသူ ၂၀၀၀ ခန့် ရှိခဲ့သည်။ ယင်းပမာဏမှာ ထို့အရင်နှစ်ကထက် သေဆုံးသူ ၁၅၀ တိုးလာခြင်း ဖြစ်သည်။ **(အင်တာနက်)**

# ယမုံနာမြစ်ရေ ညစ်ညမ်းမှု ငါးများသေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၇**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတရာပရာဒေ့ရှ်ပြည်နယ်ရှိ ယမုံနာမြစ်တစ်လျှောက် ထောင်ပေါင်းများစွာသော ငါးများသေဆုံးခဲ့ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ မြစ်ရေညစ်ညမ်းမှုကြောင့် ဖြစ်ကြောင်း အင်ဒို–အာရှ သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ယခုကဲ့သို့ ယမုံနာမြစ်အတွင်း ငါးများ သေဆုံးရမှုမှာ များပြားလွန်းကြောင်း ဒေသခံများက ပြောကြားသည်။ ယခုအခါ ယမုံနာမြစ်အနီးရှိ အက်ဂရာမြို့အား သောက်သုံးရေများ ဖြည့်ဆည်းပေးလျက်ရှိသည်။

ယမုံနာမြစ်ရေညစ်ညမ်းမှုမှာ မြစ်အတွင်း စီးဝင်သည့် ရေမြောင်းအချို့မှ ညစ်ညမ်းသည့်ရေများကြောင့် ဖြစ်ပြီး အက်ဂရာမြို့၊ ဟင်ဒွန်မြို့နှင့် အိုကလာမြို့အနီးမှ စီးဆင်းသည့် ရေမြောင်းများကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မိလ္လာအညစ်အကြေးသန့်စင်သည့်စက်ရုံများမှ စက်ရုံတစ်ခုကိုလည်း ညစ်ညမ်းရေများစီးဆင်းမှုကြောင့် နိုဝင်ဘာ ၃ ရက်မှစတင်ကာ ပိတ်ခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ အထည်ချုပ်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို နိုဝင်ဘာ ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီအဖွဲ့ဝင်အဖြစ် ဖိလစ်ပိုင်အားရွေးချယ်

**မနီလာ နိုဝင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံသည် ကုလသမဂ္ဂတွင် စီးပွားရေးနှင့် လူမှုရေးကောင်စီ (အီကိုဆော့)နေရာအတွက် အနိုင်ရရှိသွားသည်။

ဖိလစ်ပိုင်နိုင်ငံသည် အဆိုပါ နေရာအတွက် မဲအများဆုံးဖြင့် အရွေးချယ်ခံရကြောင်း၊ ယင်းကုလသမဂ္ဂ နေရာ ၁၈နေရာရှိရာ ယခုနှစ်ကုန်ပိုင်းတွင် စတင်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဖိလစ်ပိုင် အမြဲတမ်းကိုယ်စားလှယ် လောရိဘာဂျာဂျားက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ၅၄ နိုင်ငံ ပါဝင်သော အဆိုပါ စီးပွားရေးနှင့် လူမှုရေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် သုံးနှစ်တာ တာဝန်ထမ်းဆောင် ရမည်ဖြစ်ကြောင်း ဘာဂျာကပြောကြားသည်။

ယင်းအောင်မြင်မှုသည် ကုလသမဂ္ဂတွင် ဖိလစ်ပိုင်နိုင်ငံ၏ ရပ်တည်မှုအနေအထား အကောင်း ဆုံးဖြစ်ကြောင်းလည်း နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်မှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံသည် အီကိုဆော့ အဖွဲ့ဝင်ဖြစ်လာပြီဖြစ်၍ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုပါဝင်အကောင်အထည်ဖော်နိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းကြေညာချက်၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကိုကင်း ၃၁သမ ၅တန် ကာရစ်ဘီယံပင်လယ်တွင် ဖမ်းမိ

**ဘိုရိုတာ နိုဝင်ဘာ ၇**

ကာရစ်ဘီယံပင်လယ်တွင် ကိုကင်း ၃၁သမ၅တန်ကို ကိုလံဘီယာ ရေတပ်က နိုဝင်ဘာ ၃ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း ဖမ်းဆီးရမိသောလှေပေါ်တွင် ဟွန်ဒူးရပ် သင်္ဘောသားရှစ်ဦးပါရှိပြီး ဟွန်ဒူးရပ်အလံလွှင့်ထူထား ကြောင်း၊ အဆိုပါလှေသည် ကိုလံဘီယာနိုင်ငံ လာဂွာဂျီရာဌာနနှင့် မိုင် ၄၀ ခန့်အကွာ၌ ဖမ်းမိခဲ့ခြင်းဖြစ်ပြီး အမေရိကန် ပြည်ထောင်စုသို့ ထွက်ခွာဖွယ်ရှိကြောင်း ကာရစ်ဘီယံ ရေတပ်အကြီးအကဲ ရောဘတ်တိုဂါဆီယာက ပြောကြားသည်။

ဖမ်းဆီးရမိသော သင်္ဘောသား ရှစ်ဦးအား အမေရိကန်ပြည်ထောင်စု (သို့မဟုတ်) ကိုလံဘီယာအနက်မည်သည့်နိုင်ငံသို့ ခေါ်ဆောင်သွားမည့် အချက်ကို ဂါဆီယာထုတ်ဖော်ပြောဆိုခြင်းမပြုနိုင်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ နိုင်ရိုဘီမြို့တွင် ကျင်းပမည်

**နိုင်ရိုဘီ နိုဝင်ဘာ ၇**

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲတက်ရောက်မည့် ကိုယ်စားလှယ်များ စုရုံးရောက်ရှိလာကြသည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ပိုမိုဆင်းရဲသည့် နိုင်ငံများအား မည်သို့ကူညီထောက်ပံ့ရမည်ကို နိုင်ရိုဘီ ဆွေးနွေးပွဲက အဓိကစဉ်းစားမည်ဖြစ်သည်။

အာဖရိကတိုက်၏ အချို့အပိုင်းများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကောင်းစွာခံရမည်ဖြစ်ကြောင်း နိုင်ရိုဘီဆွေးနွေးပွဲမတိုင်မီ ထုတ်ပြန်သည့် ကုလသမဂ္ဂအစီရင်ခံစာ တစ်စောင်တွင် ဖော်ပြထားသည်။

နိုင်ရိုဘီဆွေးနွေးပွဲမှာ ၁၉၉၂ ခုနှစ်က ရီယိုကမ္ဘာမြေထိပ်သီး အစည်းအဝေးအပြီး ကျင်းပသည့် (၁၂)ကြိမ်မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲဖြစ်သည်။ သို့သော် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လုပ်မှုအဆင့်မှာ မြင့်မားနေဆဲဖြစ်သည်။

**(အင်တာနက်)**

# အာရပ်ခြောက်နိုင်ငံတို့ နျူကလီးယားစွမ်းအင်ထုတ်လုပ်ရန် စိတ်ဝင်စားနေကြောင်း စီးပွားရေးမဂ္ဂဇင်း၌ ရေးသားဖော်ပြ

ဒူဘိုင်း နိုဝင်ဘာ ၇

**အနည်းဆုံး အာရပ်ခြောက်နိုင်ငံတို့သည် စွမ်းအင်အရင်းအမြစ်များမှ ခွဲထွက်လျက် ပြည်တွင်းနျူးကလီးယား ဓာတ်အားအစီအစဉ်များ ပြုလုပ်ရန်စိတ်ဝင်စားလျက်ရှိကြောင်း အရှေ့အလယ်ပိုင်း စီးပွားရေး မဂ္ဂဇင်းက နိုဝင်ဘာ ၄ ရက်တွင် ဖော်ပြသည်။**

ဆော်ဒီအာရေဗျ၊ အီဂျစ်၊ မော်ရိုကိုနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့သည်နျူကလီးယား ဓာတ်အားစွမ်းအင်ထုတ်လုပ်ရန် စိတ်ဝင်စားနေကြောင်း ဗီယင်နာအခြေစိုက် နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ အိုင်အေအီးအေ ဒုတိယညွှန်ကြားရေးမှူးချုပ် တိုမီဟီရိုတာနီဂူချီ၏ ပြောကြားချက်ကို အရှေ့အလယ်ပိုင်းစီးပွားရေး ဒိုင်ဂျက်က ရေးသားသည်။

## ပြောကြား

မိမိတို့သည် အဆိုပါအစိုးရများနှင့် မူလဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် လေ့လာရေးနည်းပညာအကြံဉာဏ်များ ကမ်းလှမ်းမည်ဖြစ်ကြောင်း ၎င်းဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

## ဖော်ပြ

ယူအေအီးနိုင်ငံနှင့် တူနီးရှားနိုင်ငံတို့လည်း နျူကလီးယားစွမ်းအင်ကို စိတ်ဝင်စားနေကြောင်း သို့သော်လည်း အစီအစဉ်များမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖွယ် မရှိကြောင်း အဆိုပါမဂ္ဂဇင်းက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ငှက်များကို လေ့ကျင့်ပေးသူ

**ငှက်များကို လေ့ကျင့်ပေးသူ တစ်ဦးအား ကြက်တူရွေးနှစ်ကောင်နှင့် အတူတွေ့ရစဉ်။** (ယာပုံ)

အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုင်ဒါရာဘတ်မြို့တွင် ကျင်းပသည့် ခြောက်ကြိမ်မြောက် အိမ်မွေးတိရစ္ဆာန်များစွမ်းရည်ပြပွဲ၌ အရှေ့အလယ်ပိုင်းဒေသမှ ပြိုင်ပွဲဝင်သည့် ဆာယတ်အက်ဖ်ဆာဆိုသူ လေ့ကျင့်ပေးထားသော ကြက်တူရွေးနှစ်ကောင်မှာ သွားကြားထိုးပေးခြင်း၊ အင်္ကျီကြယ်သီးတပ်ပေးနိုင်ခြင်းတို့အပြင် အခြားကိစ္စရပ်အများအပြားကို ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**





## ဒရမ်မာတီးသူအများဆုံး ဂင်းနက်စ်မှတ်တမ်း

**ဒရမ်မာတီးသူအများဆုံး ဂင်းနက်စ်မှတ်တမ်းဝင်ရေးအတွက် ဒရမ်မာတီးခတ်သူများကို တွေ့ရစဉ်။** (ဝဲပုံ)

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ရှီလုံမြို့တွင် ဒရမ်မာတီးသူ ၇၉၅၁ ဦးက စုပေါင်း၍ဒရမ်မာတီးခဲ့ကြရာ ကမ္ဘာပေါ်တွင် လူအရေအတွက်အများဆုံး ဒရမ်မာတီးခြင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း တင်နိုင်မည်ဖြစ်သည်။ ယခင်က ဂင်းနက်စ်မှတ်တမ်းမှာ ဒရမ်မာတီးသူ ၇၇၂၇ ဦးဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

# သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဝိုင်းဝန်းကူညီကြရန် လိုအပ်

**လန်ဒန် နိုဝင်ဘာ ၇**

သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးတွင် ဝိုင်းဝန်းကူညီရန် နိုင်ငံတကာဆန္ဒလိုအပ်နေကြောင်းဖြင့် နိုင်ငံတကာဖွံ့ဖြိုးရေး ကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

## ကာကွယ်

သဘာဝဘေးအန္တရာယ်များ တားဆီးရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အလှူရှင်များက ရန်ပုံငွေထည့်ဝင်ရန် ဆန္ဒမရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

## တိုက်တွန်း

သဘာဝဘေးအန္တရာယ် သုံးပုံနှစ်ပုံမှာ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသည်။ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးတွင် ပိုမိုထည့်ဝင်သုံးစွဲကြရေး နိုင်ငံများအားစည်းရုံးရန် ဗြိတိန်အစိုးရအား နိုင်ငံတကာ ဖွံ့ဖြိုးရေးကော်မတီက တိုက်တွန်းသည်။

## လျာထား

သဘာဝဘေးအန္တရာယ်များမှာ ပိုမိုများပြားလာကြောင်း၊ ထို့ကြောင့် လူသားချင်းစာနာထောက်ထားရေး အစီအစဉ်များအတွက် တစ်ကမ္ဘာလုံး လျာထားငွေမှာ ၁၉၉၅ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်းတွင် သုံးဆမျှတက်လာကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ **(အင်တာနက်)**

# (၈၆) နှစ်မြောက် အမျိုးသားနေ့

၁၃၆၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၄-၁၁-၂၀၀၆)

## (၈၆)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာရေး။
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။
- ☆ အမျိုးသားပညာရည်မြင့်မားရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

## ဇိနမာရ်အောင် ဘုရားတွင် တရားဓမ္မ ဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၇**

သာကေတမြို့ ဇိနမာရ်အောင်ဘုရားအနီး ဝင်းထွန်းမော်တော်ယာဉ်ကုမ္ပဏီ ဦးလှထွန်း-ဒေါ်ခင်ရီမိသားစုတို့၏ စစ်ကိုင်းတောင်ရိုး အာယုဒါနဆေးအလှူတော်အတွက် ပဒေသာပင်စိုက်ထူပွဲတွင် ဇိနမာရ်အောင် မြတ်စွာဘုရားဝင်း ဝိမုတ္တိရသ ဓမ္မာရုံတော်ကြီး၌ တန်ဆောင်မုန်းလပြည့်ကျော် ၅ရက် (နိုဝင်ဘာ ၉ ရက်) တွင် စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်ကမ္ဘာ့သာသနာပြု ဒေါက်တာဘဒ္ဒန္တဉာဏိဿရ(ဗဟုဇန ဟိတဓရ မဟာဓမ္မကထိက၊အဂ္ဂမဟာ ပဏ္ဍိတ) ဆရာတော်ကလည်းကောင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (နိုဝင်ဘာ ၁၀ရက်)တွင် သာကေတ စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိ စာသင်တိုက်နှင့် မော်ဘီမြို့ ကုလားကုန်းကျေးရွာ ချမ်းမြေ့နန္ဒာ ပါဠိကာရီ ပရိယတ္တိစာသင်တိုက်နှစ်တိုက်တို့၏ ဦးစီးပဓာနမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂိသပါဠိကာရီ ဆရာတော်တို့က ညစဉ်၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားကြမည်ဟု သိရသည်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ အခန်း(၇)တိုက် ၅၅ မင်္ဂလာတောင်ညွန့်အိမ်ရာနေ ဦးခင်မောင်ဝင်း-ဒေါ်ခင်ရီမိသားစုတို့က နှစ်ဖက် မိဘများဖြစ်ကြသော ကနီဝယ်ရာရွာ မုံရွာမြို့နေ ဦးနွား-ဒေါ်စောကဲနှင့် မရမ်းရွာ ချောင်းဆုံမြို့နေ ဦးအောင်စိန်-ဒေါ်အိမ်သူတို့အား ရည်စူး၍ အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်အတွက် မိဘများဖြစ်သော ဦးခဲချောင်း-ဒေါ်မြသွင်အား ရည်စူး၍ မြေနီကုန်း ဗိုလ်မိုးလမ်း °B-30နေ ဒေါ်အေးရွှေနှင့် မောင်နှမတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## မြန်မာစာဌာန အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၇၀ နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီး ၂၈ ဦးတို့အား မြန်မာစာမိသားစုဝင်များက ပူဇော်ဂါရဝပြုမည့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံကြီးတွင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပညာသင်နှစ်အသီးသီးမှ မြန်မာစာကျောင်းသား ကျောင်းသူဟောင်းကြီးများအားလုံးနှင့် မျိုးဆက်သစ် မြန်မာစာကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန်နှင့် မြန်မာစာနံရံကပ်စာစောင်နှင့် မြန်မာစာ မိသားစုဓာတ်ပုံပြပွဲအတွက် စာမူများနှင့် ဓာတ်ပုံများပေးပို့ကြပါရန် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။

အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခဌာနမှူး ဒေါ်ခင်ဆွေမြင့် ဖုန်း-၅၃၆၀၇၂၊ ၅၀၄၀၁၀၊ တွဲဖက်ပါမောက္ခ ဦးမျိုးသန့် ဖုန်း-၅၃၅၇၉၈၊ ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဦးတင်အောင် ဖုန်း-၅၄၂၃၁၇၊ တော်ဝင်နှင်းဆီ ဦးစိုးညွန့် ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ဦးအောင်စိုးဦး ဖုန်း-၂၄၃၆၆၃၊ ၇၀၅၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## နေ့စူးစမ်းလေ့လာရေး ဆိုလာ-ဘီ အာကာသယာဉ် သိပ္ပံအချက်အလက်များ ပထမဆုံးပြန်ပို့ခဲ့

နေကိုစူးစမ်းလေ့လာရန် စက်တင်ဘာလအတွင်းက အာကာသအတွင်း လွှတ်တင်ခဲ့သည့် ဂျပန်အာကာသယာဉ်က ပထမဆုံးသော သိပ္ပံဆိုင်ရာ အချက်အလက်များ ပြန်ပို့ကြောင်း သိရသည်။

### အဓိပ္ပာယ်

ဆိုလာ-ဘီ အဖြစ် လွှတ်တင်လိုက်သည့် အာကာသယာဉ်ကို ယခုအခါ ဂျပန်လို **"ဟီနုတ်"**ဟုခေါ်ပြီး အဓိပ္ပာယ်မှာ **"နေထွက်"**ဟူ၍ ဖြစ်သည်။

### တပ်ဆင်ထား

ဆိုလာ-ဘီ အာကာသယာဉ်တွင် နေအလင်းရောင်နှင့် နေပတ်ဝန်းကျင်လေထုအတွင်း ဓရာမပေါက်ကွဲမှုကြီးများကို လေ့လာမည့် အဝေးကြည့်မှန်ပြောင်းသုံးခုကို တပ်ဆင်ထားသည်။

ဆိုလာ-ဘီ အာကာသယာဉ်၌ တပ်ဆင်ထားသော စနစ်များမှာ လွန်စွာကြံ့ခိုင်သည်ဟု အမေရိကန်၊ ဗြိတိန်သိပ္ပံပညာရှင်များပါဝင်သည့် သိပ္ပံပညာရှင်များအဖွဲ့က ကြေညာသည်။

နေ၏ အလင်းရောင်သည် မိနစ်အနည်းငယ်အတွင်းမှာပင် ဟိုက်ဒရိုဂျင်ဗုံးသန်းများစွာနှင့် ညီမျှသည့်စွမ်းအင်ကို ထုတ်ပေးသည်။

**(ကိုးကား-အင်တာနက်)**



## လှည့်လည်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမော်ထွန်းနှင့် ဇနီးတို့ ဦးဆောင်၍ နိုဝင်ဘာ ၆ ရက်က မြောက်ဥက္ကလာရဲစခန်း၊ ဝေဘာဂီရဲစခန်း၊ ရွှေပေါက်ကံရဲစခန်း၊ မြို့နယ်ကြက်ခြေနီ၊ မီးသတ်တပ်ရင်းများ၏ (၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူပွဲတွင် တန်ဖိုးငွေကျပ် ၃၄ သိန်းရှိ ပဒေသာပင်များကို သီရိမင်္ဂလာရိုင် နတ်မောက်ကျောင်းသို့ ပို့ဆောင်လှူဒါန်းရန် လှည့်လည်လာကြစဉ်။ (က-ပ)

## အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

## ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုများပြားလာ

ရာသီဥတုပြောင်းလဲသွားစေသည့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ လေထုအတွင်း ထုတ်လွှတ်နေမှုမှာ ပုံမှန်များပြားလာကြောင်း ကုလသမဂ္ဂကမ္ဘာ့မိုးလေဝသအဖွဲ့ (ဒဗလျူအမ်အို)က ထုတ်ပြန်ကြေညာသည်။

### ပူနွေးမှု

၂၀၀၅ ခုနှစ်အတွင်းတွင် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ ပိုများလာကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုင်ထရိုဂျင်အောက်ဆိုက် ဓာတ်ငွေ့များထုတ်လုပ်မှု လျှော့မချသမျှ ကမ္ဘာကြီးပူနွေးမှု ပိုမိုလာမည့် လက္ခဏာရှိကြောင်း ဒဗလျူအမ်အိုက ကြေညာလိုက်သည်။

နိုင်ရိုဘီမြို့၌ ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ဓေ့စပ်ဆွေးနွေးပွဲများစတင်မကျင်းပမီတွင် ဒဗလျူအမ်အိုက ယင်းကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

ကျောက်မီးသွေး၊ ရေနံကဲ့သို့သော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကို မီးရှို့ခြင်းဖြင့်ထွက်လာသော ဓာတ်ငွေ့များနှင့် နေမှလာသည့် စွမ်းအင်ကို စုပ်ယူသည့် ဓာတ်ငွေ့များ စုပုံလာခြင်းကြောင့် တစ်ကမ္ဘာလုံးအပူချိန်မှာ မြင့်တက်လာလျက်ရှိသည်။ **(ကိုးကား-အင်တာနက်)**



## ပိဋကတ်သုံးပုံ စာဖြေသံဃာတော်များအတွက် ဆက်သွယ်လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၇**

(၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲဖြေဆိုရန် အနယ်နယ်အရပ်ရပ်မှ စာရင်းပေးသွင်းထားသော စာဖြေ သံဃာတော်အရှင်သူမြတ် အပါး ၈၀ တို့အား ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (နိုဝင်ဘာ ၁၈ ရက်)မှစ၍ တိပိဋက ဓမ္မရက္ခိတဗိမာန်တော်ကြီးသို့ ကြွရောက်သီတင်းသုံးတော်မူနိုင်ရန် ပင့်လျှောက်လွှာများ စာတိုက်မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။ ပင့်စာမရရှိသော နယ် သံဃာတော်များ (ရန်ကုန်တိုင်းအတွင်းမှအပ) တိပိဋက ဓမ္မရက္ခိတအဖွဲ့ရုံးသို့ ဆက်သွယ်၍ ပင့်လျှောက်လွှာများ တောင်းခံတော်မူကြပါရန်နှင့် ၇၂ ရက်ကြာ တိပိဋက ဓမ္မရက္ခိတဗိမာန်တော်တွင် သီတင်းသုံး၍ စာမေးပွဲဖြေဆိုတော်မူကြမည့် စာဖြေ သံဃာတော်များအတွက် ပစ္စည်းလေးပါးနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းလိုသူ စေတနာရှင်များသည် တိပိဋက ဓမ္မရက္ခိတဗိမာန်တော် အမှတ်(၁၅) ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်းမြို့နယ် ဖုန်း–၃၈၂၁၁၁၊ ၂၄၈၂၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(က–ပ)**

## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့ တပ်ကုန်းမြို့နယ် နယ်မြေခံတပ်ရင်း စိုက်ခင်း၏ ဆင်းရွှေလီကြံမျိုး အထူးအထွက်တိုး စံပြသုတေသန စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြစဉ်။**
(သတင်းစဉ်)



## ဆင်းရွှေလီကြံ တစ်ဧကအထွက်တိုးအောင် နည်းစနစ်လိုက်နာ စိုက်ပျိုးမှုလျာထားချက်ပြည့်မီအောင် ဒေသခံပြည်သူများ ကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၇

**ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအရှေ့ဘက်ရှိ နယ်မြေခံတပ်ရင်း စိုက်ခင်း၏ ဆင်းရွှေလီကြံမျိုး အထူးအထွက်တိုး စံပြသုတေသန ဧက ၁၀ စိုက်ပျိုးပွဲကို နိုဝင်ဘာ ၁ ရက်တွင် အဆိုပါစိုက်ခင်း၌ ကျင်းပသည်။**

ရှေးဦးစွာ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက ဆင်းရွှေလီကြံ သုတေသန စံပြ ဧက ၁၀ စိုက်ပျိုးရေးလုပ်ငန်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ကြံလုပ်ငန်း ခရိုင်မန်နေဂျာ ဦးတင်မြင့်က ဖြည့်စွက် ဆွေးနွေးတင်ပြသည်။

**လက်တွဲပူးပေါင်း**

ထို့နောက် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဒေသတွင်းရှိ သကြားစက်များမှ ကုန်ကြမ်း ကြံလိုအပ်မှုအခြေအနေ၊ ဒေသတွင်း ကြံစိုက်ပျိုးမှု လျာထားချက်နှင့် စိုက်ပျိုးနိုင်မှု၊ တပ်ရင်း တပ်ဖွဲ့များမှ ကြံသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးနည်းစနစ်များ မှန်ကန်အောင် စနစ်တကျ စိုက်ပျိုးဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် အမှာစကားပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်က ဆင်းရွှေလီကြံ စံပြသုတေသန စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ တစ်ဧကအထွက်တိုးအောင် စိုက်ပျိုးနည်းစနစ်ဆိုင်ရာ လိုက်နာဆောင်ရွက်နိုင်ရေး ဖြည့်စွက်မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးက ကြံစိုက်ပျိုးမှုတွင် လက်တွေ့စိုက်ပျိုးနည်းစနစ်ကို ကူညီ ဆောင်ရွက်ပေးလျက်ရှိသော အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ စစ်သည်နှစ်ဦးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပြီး သုတေသန စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်စိုက်ပျိုးလျက်ရှိသည့် စစ်သည်မိသားစုဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့သည် စစ်သည် မိသားစုဝင်များ၏ ကြံသီးနှံ လက်တွေ့စိုက်ပျိုးဆောင်ရွက်မှုကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွေးရှုချီတက် ပြည်သူ့အတွက်

* **"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်**
**ဖွံ့ဖြိုးရေးအသင်းကြီးသည် ..."။**
ပြည်သူတွေနိုးကြားရေး
ပြည်သူတွေကြိုးစားရေး
ပြည်သူတွေ အကျိုးများရေးအတွက်
အမျိုးသားရေးလိုအပ်ချက်အရ
ပေါ်ထွက်ခဲ့သည်။
ဘိုးဘွားတို့အမွေသည်
အရှည်တည်ခိုင်မြဲဖို့။
**"စိတ်ဓာတ်"** ကိုအားမာန်လွှမ်း
**"စည်းကမ်း"** ကို မဏ္ဍိုင်သုံး
**"ကြံ့ခိုင်"** စွာ ခရီးဆုံးတိုင်
**"စည်းလုံး"** ကြစို့။

* **"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်**
**ဖွံ့ဖြိုးရေးအသင်းကြီးသည် ..."။**
နေအသွင် လအဆင်းသို့
ပဝင်းရောင်ခြည်။
ပြည်သူ့အတွက် မေတ္တာသည်
လရောင်ခြည် ပမာအလား။
ပြည်သူ့အတွက် အားမာန်သည်
နေရောင်ခြည် ပမာအလား။
အရေးကြုံ သက်လုံကောင်းစွာနဲ့
အပေါင်းပြည်သူတို့
ညီတူစွာ အသင်းကြီးမှာ
သွေးစည်းကြတကား။

* **"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်**
**ဖွံ့ဖြိုးရေးအသင်းကြီးသည် ..."။**
အမျိုးသားရေး တာဝန်တစ်ရပ်
ချမှတ်ခဲ့ပြီ။
**"ဒို့တာဝန်အရေးသုံးပါးသည်"**
နှလုံးသားဆီ ယုံကြည်ချက်။
ပုဂံသွေး သစ္စာတည်
သန္နိဋ္ဌာန်သည် ခိုင်မာလျက်။
နိုင်ငံတော် ဖွံ့ဖြိုးရေး
နိုင်ငံတော် ကာကွယ်ရေး
နိုင်ငံတော် တည်ငြိမ်ရေးနှင့်
လူ့စွမ်းအား ဖွံ့ဖြိုးရေးရယ်လို့
အရေးစုံ အောင်မြင်မှုအတွက်
ပြည်ထောင်စု စိတ်ဓာတ်များနဲ့
ရွေးရှုချီတက်။ ။

**[ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကိုဂုဏ်ပြုလျက် – ]**

**မြတ်သူမောင် (ရန်ကင်း)**

## လောကဓိပတိ ကိုးဆူစေတီတော် ထီးတော်တင်လှူပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံမြို့ ရတနာဒီပ အမှက်(၉)ရပ်ကွက် ဘုရင့်နောင်လမ်းတွင် ခုနစ်ရက် သားသမီးများ ကောင်းမှုကုသိုလ်ဖြင့် ဆရာတော် ဘဒ္ဒန္တ ဝါသေဌ (ငြိမ်းအေးချမ်းသာ ဆရာတော်) ဦးစီးတည်ဆောက်လျက်ရှိသော လောကဓိပတိ ကိုးဆူစေတီတော်မြတ်ကြီးကို (၁၃၆၉ ခုနှစ် ကဆုန်လပြည့်နေ့) ၂၀၀၇ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ထီးတော်တင်လှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## လှိုင်စစ်စွမ်းအားအင်ဂျင်နီယာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ကြမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တက္ကသိုလ် ၁၉၆၄ ခုနှစ်တွင် လှိုင်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့ရရှိခဲ့ကြသော ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကင်းမြို့နယ် အမှတ် ၁၇ ကမ္ဘာအေးစေတီလမ်းပေါ်ရှိ Micasa ဟိုတယ် Function Room တွင် ကျင်းပမည်ဖြစ်သည်။ သီးခြားဖိတ်စာ ပေးပို့မည်မဟုတ်ဘဲ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

**ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ FISCA Enterprise မှ Chairman ဦးစိုးမြင့်ထွန်းနှင့် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်တို့ FISCA Enterprise၏ နေပြည်တော်ရုံးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

လယ်ဝေးမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ (လယ်ဝေးမြို့နယ်)အသင်းခွဲ တို့ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့ မြို့ဦးဓမ္မာရုံတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် လယ်ဝေးမြို့နယ် တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးလှသန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က အဖွင့်အမှာစကား ပြောကြားကာ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ရွှေက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## FISCA Enterprise နေပြည်တော်ရုံးသစ်ဖွင့်

**နေပြည်တော် နိုဝင်ဘာ ၇**

FISCA Enterprise၏ နေပြည်တော်ရုံးသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်တွင် ရုံးသစ်တည်ရှိရာ ပျဉ်းမနားမြို့ ကံဦးအုပ်စု သပြေလှရပ်ကွက် အမှတ်(၂/၂၇) ရန်ကုန်–မန္တလေးလမ်းမကြီး၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ FISCA Enterprise မှ Chairman ဦးစိုးမြင့်ထွန်းနှင့် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်တို့က ရုံးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

FISCA Enterprise အနေဖြင့် ဆက်သွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ယခုကဲ့သို့ ရုံးသစ်ဖွင့်လှစ်သဖြင့် နေပြည်တော်ရှိ ဌာနဆိုင်ရာများနှင့် ပြည်သူများ အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**





■ ရှေ့ဖုံးမှ

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးညွှန့်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဘွန်၊ ဘုဖာဝမ်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chanthavy Bodhisane လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## ရင်းရင်းနှီးနှီး နှုတ်ဆက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

## တည်ခင်းဧည့်ခံ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

(သတင်းစဉ်)



နေပြည်တော် နိုဝင်ဘာ ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

**တက်ရောက်**

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးညွှန့်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chanthavy Bodhisane တို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများဖြင့်ဧည့်ခံဖျော်ဖြေကြသည်။

**ဂုဏ်ပြုပန်းခြင်းပေးအပ်**

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ဧည့်သည်တော်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်းက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြု ပန်းခြင်းကို ပေးအပ်ပြီး အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။ **(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

(၈–၁၁–၂၀၀၆)

နေပြည်တော်

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

ရန်ကုန်မြို့

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။**

# နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် နိုင်ငံရေးပါတီများအခန်း အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ

**ရန်ကုန် နိုဝင်ဘာ ၇**

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲ ခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ အဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

**အစည်းအဝေးစတင်ကျင်းပ**

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၁၀၉ ဦး ရှိသည့်အနက် ကိုယ်စားလှယ် ၁၀၇ဦးတို့ တက်ရောက်ကြ၍ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**

**ဖတ်ကြားတင်ပြ**

ယင်းနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်းနှင့် နိုင်ငံရေးပါတီများ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးမှ ဦးထွန်းထိန်ကလည်းကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဦးသိုက်ထွန်းက လည်းကောင်း၊ သတ္တုတွင်း ဝန်ကြီးဌာနမှ ဦးဆန်းထွန်းကလည်းကောင်းဖတ်ကြားတင်ပြကြသည်။

ထို့နောက်အကြံပြုချက်စာတမ်းအပေါ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်က အကြံပြုဆွေးနွေးသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ်၂၀ တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**






✡ ကျောဖုံးမှ

## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်သည်တော်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် လိုက်ပါလာသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## ပြန်လည်နှုတ်ဆက်

ဆက်လက်၍ ဧည့်သည်တော်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတူ ကြိုဆို နှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ပြန်လည်နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော် ဟိုတယ်ဇုန်သို့ ထွက်ခွာလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



## ရွှေပါရမီဆရာတော် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ရွှေပါရမီဆရာတော် အရှင်ဆန္ဒာဓိကဏ်ဦးဆောင်မှုဖြင့် လေးလ တစ်ကြိမ် လှူဒါန်းမြဲဖြစ်သော ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ရွှေပါရမီ ဒါယကာ၊ ဒါယိကာမများ၊ ဓမ္မ မိတ်ဆွေများ၊ စေတနာရှင်များကစုပေါင်း၍ နိုဝင်ဘာ ၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် ပြုလုပ်မည်ဖြစ်ရာ ဆရာတော်နှင့်အတူ ဒါနဥပပါရမီ ကုသိုလ်တော်ကို ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။ ကြွရောက် လှူဒါန်းကြသော သွေးလှူရှင်များအား ဆရာတော်နှင့် တပည့် ရွှေပါရမီ ဒါယကာ ဒါယိကာမများက ကြာဆံချက်ဖြင့် ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(က–ပ)**

## ဓမ္မဒူတဆရာတော်ကြီးအား ကိုးနှစ်ပြည့် ရည်မှန်းပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ဓမ္မဒူတစေတီတော်မြတ်အား အာမိသပူဇာဓမ္မပူဇာတို့ဖြင့်ပူဇော်ပြီး ကျေးဇူးတော်ရှင်ဓမ္မဒူတ ဆရာတော်ကြီး၏ဂုဏ်ကျေးဇူးတို့ကို ရည်မှန်းလျက် ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (နိုဝင်ဘာ ၁၄ ရက်) အင်္ဂါနေ့ မွန်းတည့် ၁၂နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာ ၇၅ ပါးတို့အား လှူဖွယ်များလှူဒါန်းပြီး ရေစက်သွန်းချမည်ဖြစ်ရာ ဆရာတော်ကြီး၏ တပည့်အပေါင်းတို့အား ဖိတ်ကြားထားသည်။

### ဟောကြားမည်

ဓမ္မပူဇာအစီအစဉ်ဖြင့် ဓမ္မဒူတအရှင်ဆေကိန္ဒ(မော်ဘီ)က တန်ဆောင်မုန်းလပြည့်ကျော်၉ ရက်(နိုဝင်ဘာ ၁၃ရက်)တနင်္လာနေ့တွင်လည်းကောင်း၊ ဓမ္မဒူတအရှင်ဉာဏုတ္တရ (အင်းရဲ)က တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(နိုဝင်ဘာ ၁၄ရက်) အင်္ဂါနေ့၌လည်းကောင်း တရားဟောကြားတော်မူမည်ဟု သိရသည်။

**(က–ပ)**

## အလေးပြုခြင်းခံယူ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)





● ကျောဖုံးမှ

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေးတို့ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းနှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Thongloun Sisoulith၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ H.E. Mr. Soulivong Daravong၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူး H.E. Mr. Cheuang Sombounkhanh၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Nam Vignaket၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး H.E. Mr. Sitaehng Rasphone၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Mr. Chanthavy Bodhisane၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ အာရှပစိဖိတ်နှင့် အာဖရိကဌာန ညွှန်ကြားရေးမှူးချုပ် Mr. Sithong Chitnhothinh၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Sayakane Sisouvong၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Houmdaophone Soukhaseum နှင့် ဝန်ကြီးချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Samnao Sailomtholany တို့ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေးတို့အတွက် ခင်မင်ရင်းနှီးစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

**(သတင်းစဉ်)**



## ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

(သတင်းစဉ်)

**ရှာရန် ရာနှုန်း ၆၀**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

## နှစ်နိုင်ငံအကြား သစ်တောရေးရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက် နည်းပညာဖလှယ်ရေးနှင့်ပညာရှင်များ သွားလာရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၇**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် သစ်တောရေးရာ အုပ်ချုပ်ရေးဌာန ဒုတိယဝန်ကြီး မဒမ်ကျန်ဇီဟွေ့နှင့် အဖွဲ့ဝင် ကိုးဦးတို့အား ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ သစ်တောရေးရာဝန်ကြီး ဌာနမှညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင် ညွှန်ကြားရေးမှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များတက်ရောက်ကြသည်။

### လက်မှတ်ရေးထိုး

ဆက်လက်၍ ဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သစ်တောရေးရာအုပ်ချုပ်ရေးဌာန ဒုတိယဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံအကြား သစ်တောရေးရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ဝါးနှင့် ကြိမ်တန်ဖိုးမြှင့် အချောထည်များ ထုတ်လုပ်ရေး၊ နည်းပညာဖလှယ်ရေးနှင့်ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်သွားလာရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထို့နောက် ဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် သစ်တောရေးရာအုပ်ချုပ်ရေးဌာန ဒုတိယဝန်ကြီးတို့သည် ဆွေးနွေးမှု သဘောတူညီချက်များကို လက်မှတ်ရေးထိုး လဲလှယ်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနှင့်ဂျပန်နိုင်ငံ မျက်စိအထူးကုဆရာဝန်များ ပူးပေါင်း တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ လူနာများအားစမ်းသပ်စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

**ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၃ ရက်က ယင်းမာပင်တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။**

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ခုတင်(၁၀၀)ဆံ့ ကလောပြည်သူ့ဆေးရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အောင်ပန်းတိုက်နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ခန်းအသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၄ ရက်တွင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်မည့် မြန်မာနှင့် ဂျပန် မျက်စိအထူးကုဆရာဝန်များနှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် ပြည်သူလူထုအခြေပြု မျက်စိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်နေကြသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက် ကြည့်ရှုစစ်ဆေးသည်။

## တွေ့ဆုံအားပေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ဂျပန်မျက်စိ အထူးကုဆရာဝန်အဖွဲ့ခေါင်းဆောင် ဂျပန်နိုင်ငံ ဖူဂျီတာ ကျန်းမာရေး တက္ကသိုလ်မှ ဒေါက်တာ ဟိုရီယိုနာအိုချီ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဌာနေကိုယ်စားလှယ် ပါမောက္ခ အာဒစ်ယီဘိုရို၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်မစ္စတာဒင်နယယ်ဘေကာတို့သည် မြန်မာနှင့် ဂျပန်နိုင်ငံမျက်စိအထူးကုဆရာဝန်များ ပူးပေါင်း၍ နိုဝင်ဘာ ၅ ရက်တွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ မျက်စိလူနာများအား စမ်းသပ်စစ်ဆေးပေးနေမှုများ၊ ခွဲစိတ်ကုသပေးနေမှုများကိုလှည့်လည်ကြည့်ရှုပြီး ခွဲစိတ်ပြီးလူနာများအား တွေ့ဆုံအားပေးကြသည်။

ညနေပိုင်းတွင် မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲနှင့် (၆)ကြိမ်မြောက် မြန်မာ–ဂျပန် မျက်စိခွဲစိတ်အထူးကု ဆရာဝန်များ ကွန်ဖရင့်နှင့် ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ကျင်းပသည်။

## ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဂျပန်နိုင်ငံ ဖူဂျီတာ တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာ ဟိုရီယိုနာအိုချီက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံပြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

## လက်ဆောင်

ထို့နောက်ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက မြန်မာနှင့်ဂျပန်မျက်စိအထူးကုဆရာဝန်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

## ဖြည့်ဆည်း

ဝန်ကြီးဒေါက်တာကျော်မြင့်သည် နိုဝင်ဘာ ၆ ရက်တွင် ဟဲဟိုးတိုက်နယ်ပြည်သူ့ဆေးရုံ၊ ကလောမြို့နယ် နန့်တိုင်းကျေးလက် ကျန်းမာရေး၊ နန့်ပန်တက်ကျေးလက်ကျန်းမာရေးဌာနခွဲများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ဂျပန်မျက်စိအထူးကု ဆရာဝန်အဖွဲ့ခေါင်းဆောင် ဂျပန်နိုင်ငံ ဖူဂျီတာကျန်းမာရေး တက္ကသိုလ်မှ ဒေါက်တာ ဟိုရီယိုနာအိုချီက ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အသုံးပြုရန် ပစ္စည်းကိရိယာများနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း စုပေါင်းမဟာဘုံကထိန်နှင့် ဗုဒ္ဓဂယာမဟာသိမ်တော်မြတ်စေတီ အုတ်မြစ်စီမင်္ဂလာကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း စုပေါင်းမဟာဘုံကထိန်နှင့် ဗုဒ္ဓဂယာ မဟာသိမ်တော်မြတ်စေတီ ရတနာ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၄ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ပရိသတ်များက ရွှေတောင်မြို့ တိလောကာရုံကျောင်းတိုက်ဆရာတော် ဦးနန္ဒိယထံမှ နဝင်္ဂသီလခံယူ ဆောက်တည်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်ဇနီး၊ မတည်အလှူရှင် ဦးဆွန်းရွှေ– ဒေါ်မြင့်မြင့်ကြည် မိသားစုနှင့် အလှူရှင် အသီးသီးတို့က ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းများ ဆက်ကပ်ကြသည်။ **(အပေါ်ပုံ)**

## ရေစက်သွန်းချ

ထို့နောက် ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ချီးမြှင့်ကြပြီး စမ်းချောင်းမြို့နယ် ဝံသမေဒနီစာသင်တိုက်တိုက်အုပ်ဆရာတော် အရှင်ထေရာဘိဝံသထံမှ သာဓု အနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## ပက်ဖျန်း

ဆက်လက်၍ ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ်စေတီ ရတနာ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို သတ်မှတ်သည့် နေရာ၌ ကျင်းပရာ အကျိုးတော်ဆောင်နာယက ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)က နတ်ဗြဟ္မာအပေါင်းတို့အား ပင့်ဖိတ်ပူဇော်ပြီး၊ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်ကြကာ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်တို့ဖြင့် ပက်ဖျန်းကာရံကြသည်။

## ရွတ်ဖတ်ပူဇော်

ထို့နောက် မင်္ဂလာအချိန်ကျရောက်ချိန်၌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်နှင့် ခုနစ်ရက်သားသမီးများက အရပ်ရှစ်မျက်နှာလှည့်၍ ရတနာမျိုးစုံအမည်ပါ အုတ်မြစ်များကို ချပေးကြပြီး ဆရာတော်သံဃာတော်များက အမွှေးနံ့သာများ ပက်ဖျန်းပေးကာ၊ ဇယန္တောဗောဓိယာမူလေ အစဖြာသော ဂါထာဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ ဗုဒ္ဓဂယာမဟာဗောဓိသိမ်တော်မြတ်စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၆၃ပေ၊ အချင်း၄၀ပေရှိကာ စုစုပေါင်းကုန်ကျငွေသိန်းပေါင်း ၅၄၀ကျော်ကုန်ကျမည်ဖြစ်သည်။ **(က–ပ)**

# အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ပိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့ ကျိုက္ကဆံမြားပစ်အားကစားပြိုင်ကွင်း၌ ကျင်းပသည်။**

ရှေးဦးစွာ နံနက် ၉ နာရီတွင် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများနှင့် ဗိုလ်လုပွဲစဉ်များကို ကျင်းပသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

## ဆုများချီးမြှင့်

ရှေးဦးစွာအာရှ မြားပစ်အဖွဲ့ချုပ် ကောင်စီဝင် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေ (ဇေကမ္ဘာ)က အမျိုးသား (Compound-Qualification Round) အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိသော မြန်မာအသင်း၊ ဒုတိယရရှိသော မလေးရှားအသင်းနှင့် တတိယရရှိသော ဖိလစ်ပိုင်အသင်းတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီး (Compound-Qualification Round) အသင်းလိုက်အမှတ်ပေး ပြိုင်ပွဲတွင် ပထမဆုရ အင်ဒိုနီးရှားအသင်း၊ ဒုတိယဆုရမြန်မာအသင်းနှင့် တတိယဆုရ မလေးရှားအသင်း၊ အမျိုးသား (Recurve-Qualification Round) အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရ အင်ဒိုနီးရှားအသင်း၊ ဒုတိယဆုရ မြန်မာအသင်းနှင့် တတိယဆုရ စင်ကာပူအသင်း၊ အမျိုးသမီး (Recurve- Qualification Round) အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရ အင်ဒိုနီးရှားအသင်း၊ ဒုတိယဆုရ မြန်မာအသင်းနှင့် တတိယဆုရ စင်ကာပူအသင်း၊ အမျိုးသား (Compound-Qualification Individual Ranking)ပြိုင်ပွဲတွင် ပထမဆုရ Mr. L H Keong (မလေးရှား)၊ ဒုတိယဆုရ ရဲမင်းဆွေ(မြန်မာ)နှင့် တတိယဆုရ Mr. E B J Yap (ဖိလစ်ပိုင်)၊ အမျိုးသမီး(Compound-Qualification Individual Ranking) ပြိုင်ပွဲတွင် ပထမဆုရ Ms. A maya Paz (ဖိလစ်ပိုင်)၊ ဒုတိယဆုရ Ms. Lilies Handayani (အင်ဒိုနီးရှား)နှင့် တတိယဆုရ Ms.Siti A Sudin (မလေးရှား)၊ အမျိုးသား (Recurve-Qualification Individual Ranking) ပြိုင်ပွဲတွင် ပထမဆုရ Mr. Sulistyawan (အင်ဒိုနီးရှား)၊ ဒုတိယဆုရ Jarun Tiang prasert (ထိုင်း)နှင့် ဇော်ဝင်းထိုက် (မြန်မာ)၊ အမျိုးသမီး(Recurve-Qualification Individual Ranking) ပြိုင်ပွဲတွင် ပထမဆုရ Ms.Rina Gewi (အင်ဒိုနီးရှား)၊ ဒုတိယဆုရ Ms. Nuraini (အင်ဒိုနီးရှား)နှင့် တတိယဆုရ Ms. Gina Rahayu (အင်ဒိုနီးရှား)၊ အမျိုးသား (Compound) တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမဆုရ Mr. E B J Yap (ဖိလစ်ပိုင်)၊ ဒုတိယဆုရ Mr. E D Cojunagco (ဖိလစ်ပိုင်) နှင့် တတိယဆုရ Mr. L H Keong (မလေးရှား)၊ အမျိုးသမီး (Compound) တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမဆုရ Ms. A Paz (ဖိလစ်ပိုင်)၊ ဒုတိယဆုရ ယုနန္ဒာထိုက် (မြန်မာ)နှင့် တတိယဆုရ Ms.L Handayani(အင်ဒိုနီးရှား)၊အမျိုးသား (Recurve) တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင်ပထမဆုရ Mr. R Sulistyawam (အင်ဒိုနီးရှား)၊ ဒုတိယဆုရ ဇော်ဝင်းထိုက်နှင့် တတိယဆုရ Mr. C S Wibawa (အင်ဒိုနီးရှား) အမျိုးသမီး (Recurve) တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမဆုရ Ms. Gina R Sugiharti (အင်ဒိုနီးရှား)၊ ဒုတိယဆုရ Ms. Y Hamid (အင်ဒိုနီးရှား)နှင့် တတိယဆုရ Ms.N Nuraini (အင်ဒိုနီးရှား)၊ အမျိုးသား (Compound Olympic Round Team) အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ အင်ဒိုနီးရှားအသင်း၊ ဒုတိယဆုရ ဖိလစ်ပိုင်အသင်းနှင့် တတိယဆုရ မလေးရှားအသင်း၊ အမျိုးသမီး (Compound-Olympic Round Team) အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ အင်ဒိုနီးရှားအသင်း၊ ဒုတိယဆုရ မြန်မာအသင်းနှင့် တတိယဆုရ မလေးရှားအသင်း၊ အမျိုးသား (Recurve- Olympic Round Team) အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ အင်ဒိုနီးရှားအသင်း၊ ဒုတိယဆုရ စင်ကာပူအသင်းနှင့် တတိယဆုရ မြန်မာအသင်း၊ အမျိုးသမီး(Recurve- Olympic Round Team) အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ အင်ဒိုနီးရှားအသင်း၊ ဒုတိယဆုရ မြန်မာအသင်းနှင့်တတိယဆုရစင်ကာပူအသင်းတို့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတ နိုင်ငံသံအမတ်ကြီး H.E Madame Phoebe A Gomez၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံး သံရုံးယာယီ တာဝန်ခံ၊ ကမ္ဘာ့မြားပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ နိုင်ငံများမှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဆုများ အသီးသီးချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၈–၁၁–၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let'°s Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇း၂၅ ၇။ သီချင်းကြီးပဒေသာ
- ၁၇း၃၅ ၈။ **"အလံလေးတော့ကိုင်ပြပါ"** ဇွဲနိုင်ဝင်း၊ ဇေရာ၊ ပေါ်လေး၊ ချစ်စရာ၊ ရတနာခင် (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇း၄၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉း၀၅ ၁၃။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
- ၁၉း၁၅ ၁၄။ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာအထက်တန်းအဆင့်)
- ၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **"အမိကောင်းကင်ကြယ်စင်မောင်နှမ"** (အပိုင်း–၂) ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ နေအောင်၊ ဒွေး၊ လူမင်း၊ ရာဇာနေဝင်း၊ နေထက်လင်း၊ နေတိုး၊ ထွန်းထွန်း(Examplez)၊ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ နွဲ့နွဲ့မူ၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ သဇင်၊ သင်ဇာဝင့်ကျော်၊ သန္တာစုလှိုင် (ဒါရိုက်တာ–စင်ရော်မောင်မောင်)

# တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဖျာပုံတံတားတည်ဆောက်ရေးလုပ်ငန်းစစ်ဆေး ဆင်းသွယ်လတ်မိုးစပါး စံကွက်ရိတ်သိမ်းခြွေလှေ့မှု ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၇

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၇)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ဖျာပုံမြစ်ကူး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**



အဆိုပါ ဖျာပုံတံတားသည် ဖျာပုံဘက်ကမ်းနှင့် ဒေးဒရဲ မြို့နယ်၊ အုန်းပင်ကျေးရွာဘက်ကမ်းအား ဖျာပုံမြစ်ကို ဖြတ်လျက် တည်ဆောက်နေခြင်းဖြစ်ပြီး ချဉ်းကပ်တံတားအပါအဝင် ၃၉၃၂ ပေ ရှည်ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ရာ မကြာမီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ တိုင်းမှူးသည် ဖျာပုံ–ဒေးဒရဲကားလမ်း အတိုင်း လမ်းတံတားများ အခြေအနေနှင့် လမ်းဘေးဝဲယာ တစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် တညင်ကုန်းကျေးရွာ ပညာမဏ္ဍိုင်စာကြည့်တိုက်သို့သွားရောက်ကြည့်ရှုအားပေးပြီး စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကို လည်းကောင်း၊ ဖျာပုံခရိုင်ဥက္ကဋ္ဌက ရေဒီယိုကက်ဆက်တစ်လုံးကို လည်းကောင်း၊ အလှူရှင် ဦးကျော်ညွန့်က ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးရွှေဘနှင့် စာကြည့်တိုက်မှူး ဦးသိန်းတန်တို့က လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးသည် ဒေးဒရဲ မြို့နယ် ချောင်းဖျားကျေးရွာရှိ မြို့ဝင်ဧက ၄၀၀မှ တောင်သူ ဦးညွန့်မောင်၏ လယ်မြေ၃၃ဒသမ ၇၅ဧက၌ ကျင်းပသော ဆင်းသွယ်လတ် မိုးစပါး စံကွက်ရိတ်သိမ်းခြွေလှေ့ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဒေသခံတောင်သူများ စပါးရိတ်သိမ်းနေမှုနှင့် ခြွေလှေ့စက်များဖြင့် ခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် ယာယီမဏ္ဍပ်၌ ဒေသခံ တောင်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေး လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါဆင်းသွယ်လတ် မိုးစပါး ရိတ်သိမ်း ခြွေလှေ့ရာ၌ တစ်ဧကလျှင် ၁၀၈ဒသမ၁၉တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။

**ချောင်းဖျား တံတား**

ဆက်လက်၍ တိုင်းမှူးသည် ဒေးဒရဲ–ဖျာပုံ ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁/၆)၌အရှည်ပေ ၁၀၀ ရှိချောင်းဖျား တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ ကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ဒေးဒရဲပြည်သူ့ဆေးရုံ**

ယင်းနောက် တိုင်းမှူးသည် ဒေးဒရဲ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးရုံတက် လူနာများအား ထောက်ပံ့ငွေများနှင့် အမြွာပူးမွေးဖွားသော ကလေးမိခင်တစ်ဦးအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဒေးဒရဲ–ကျိုက်လတ်မအူပင်လမ်းပိုင်းရှိ လမ်းတံတားများနှင့် လမ်းဝဲယာ တစ်လျှောက် မိုးစပါးစိုက်ခင်းများ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မအူပင်–ဆားမလောက်လမ်း မိုင်တိုင်အမှတ် (၁၂/၄)မီးသွေးချောင်းကျေးရွာရှိတောင်သူ ဦးမာလာ၏ မြေဧက၃၀တွင် စိုက်ပျိုးထားရှိသော ရေနက်စပါး (စမ်းသပ်စိုက်ကွက်)ကို ကြည့်ရှုအားပေးသည်။

**(အပေါ်ဝဲပုံ)**

ယင်းနောက် တိုင်းမှူးသည် ရှင်းလင်းဆောင်တွင် ပြသထားသော စပါးပင်နမူနာများကို ကြည့်ရှုစစ်ဆေးရာ ခရိုင် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်ဆွေက စပါးပင်သက်တမ်းပင်ပွားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**






**နှစ်ဖက်သော မိဘများနှင့် ဦးစိုးဝင်း(အုပ်ချုပ်ရေးမှူး၊ ဒါရိုက်တာ၊ မြန်မာ့အရှေ့တိုင်းဘဏ်)အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်း အောင်သပြေရိပ်သာ အမှတ်(၁၇–ဒီ)နေ ဒေါ်သင်း သင်း ရီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နီ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်မိသားစု ကထိန်အလှူတော်မင်္ဂလာကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးဒေါ်ခင်ပြုံးဝင်းမိသားစုတို့၏ ကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ၂၆ရက်နံနက်က ၅နာရီက ချမ်းအေးသာစံမြို့နယ် နန်းဦးတိုက် မဟာဓမ္မပါလကျောင်း၌ ကျင်းပသည်။

**ငါးပါးသီလခံယူ**

ရှေးဦးစွာ မဟာဓမ္မပါလ ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။ ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး မိသားစုတို့က နန်းဦးတိုက်ရှိ ပုရိမဝါမှ ထမြောက်တော်မူကြသော သံဃာတော်အပါး ၁၄၀ ကိုယ်စား နန်းဦးတိုက် မဟာဓမ္မပါလ ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် နန်းဦးတိုက် မဟာဓမ္မပါလကျောင်း ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယနေ့ကျင်းပသော မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း မိသားစုတို့၏ ကထိန်လျာ အလှူတော်မင်္ဂလာအခမ်းအနားတွင် ပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းတန်ဖိုးငွေမှာ ၁၄၆၃၉၃၅ ကျပ် ဖြစ်ပြီး ဆွမ်း၊ ဝေယျာဝစ္စ ဧည့်ခံကျွေးမွေးလှူဒါန်းငွေမှာ ကျပ် ၂၂၃၅၀၀ဖြစ်၍ စုစုပေါင်းလှူဒါန်းငွေ ၁၆၈၇၄၃၅ ကျပ်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး အမှိုက်ကင်းစင်၊ ခြင်ကင်းစင်၊ ဆေးလိပ်ကင်းစင် ဆိုင်းဘုတ်ဖွင့်

ရန်ကုန် နိုဝင်ဘာ ၇

**တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အမှိုက်ကင်းစင်၊ခြင်ကင်းစင်၊ဆေးလိပ်ကင်းစင်ဆိုင်းဘုတ်ဖွင့်ပွဲနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ ရက်နံနက်ဂနာရီက မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေး၊ တိုင်းပညာရေးမှူး ဦးဝင်းဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အမှိုက်ကင်းစင်၊ ခြင်ကင်းစင်၊ ဆေးလိပ်ကင်းစင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် တိုင်းပညာရေးမှူးက အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးပြီးနောက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်စိန်၊ မြိတ် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းစန်းနှင့် အဆုတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာလွင်လွင်မွန်တို့က ဟောပြောကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ကောင်းကောင်းမွေးမြူရေးနှင့် ကုမ္ပဏီ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာဦးအောင်လင်းက အခြေခံပညာ အထက်တန်းကျောင်း ငါးကျောင်းအတွက် ငွေကျပ် ခုနစ်သိန်းငါးသောင်းတန်ဖိုးရှိ စာရေးကိရိယာဘူး ၅၀၀နှင့် ငွေကျပ်ငါးသိန်း၊ စုစုပေါင်း ၁၂သိန်း၅သောင်းကို လှူဒါန်းရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌကလက်ခံသည်။

**လက်ခံရယူ**

ယင်းနောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌက ငွေကျပ်တစ်သိန်း ငါးသောင်းတန်ဖိုးရှိ ကျောင်းသုံးစာရေး ကိရိယာဘူး ၁၀၀နှင့် ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း ကျောင်းအုပ်ကြီး ဦးတင်မောင်ဆွေက လက်ခံရယူကြောင်း သိရသည်။ **(သတင်းစဉ်)**

## လှူဒါန်း

**မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ဧမိုင် မြိုင်ဟေဝန်အိမ်ရာ အမှတ်–၇၀နေ ဦးမြင့်မောင်အား ရည်စူး၍ ဒေါ်တင်တင်ဝင်းနှင့် မိသားစုကဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း ကိုယ်စား အုပ်ချုပ်ရေးမှူးချုပ်ဦးပြုံး လက်ခံစဉ်။** (က–ပ)



**ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ၁၈ရက်က ဒဂုံမြို့နယ်အထက (၃)ခန်းမ၌ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက ဟောပြောစဉ်။** (မြို့နယ် ပြန်/ဆက်)

# တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး မသိုးသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၇

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် တည်ထားကိုးကွယ်သော စူဠာမုနိလောကချမ်းသာစေတီတော်မြတ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၄ရက် နံနက်က အဆိုပါစေတီတော်၌ ကျင်းပသည်။**

အစီအစဉ်အရ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲကျင်းပရေးကော်မတီက လွှဲပြောင်းပေးအပ်သော မသိုးသင်္ကန်းအား တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အလှူဒါယကာ၊ ဒါယိကာမများက လက်ခံပြီး မသိုးသင်္ကန်းများကို ပင့်ဆောင်ကာ စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များက စေတီတော်ကြီး၏ တောင်ဘက်မုခ်ဦးမှ ဝင်ရောက်၍ မသိုးသင်္ကန်းကို ဗုဒ္ဓရုပ်ပွားတော်၌ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားကို စေတီတော်အတွင်း၌ ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ကြပြီး တိုင်းမှူးနှင့်အလှူရှင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဧည့်ပရိသတ်များက ပြည်နယ်သံဃနာယကဥက္ကဋ္ဌ ဥတ္တရာရုံတပ်ဦးကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က တပ်ဦး ဥတ္တရာရုံကျောင်း ဆရာတော်အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်မွှာရုံ၌ ကျင်းပသည့် (၅၉)ကြိမ်မြောက် တောင်ကြီးမြို့ မြို့လုံးကျွတ်မဟာဘုံ ကထိန်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တောင်ကြီးမြို့ပေါ် ကျောင်းတိုက်များမှ ဆရာတော် သံဃာတော် ၇၇ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်ချ

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား ကထိန်လျာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့သည် သိမ်တောင်ဆရာတော်ကြီးအား အရန်သင်္ကန်း ဆက်ကပ်လှူဒါန်းပြီး တပ်ဦး ဥတ္တရာရုံကျောင်း ဆရာတော်ထံမှ ကထိန်အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ခင်ပွန်းဖြစ်သူ ဦးဘိုနီအား ရည်စူး၍ ရန်ကုန်မြို့ ဦးဝိစာရရပ်ကွက် မင်းမနိုင်တိုက်(၂၅) အခန်း(၁၁)နေ ဇနီး ဒေါ်ခင်ကြည်နှင့် သားသမီးမြေးတစ်စုက ငွေကျပ် ၁၁၀၀၀၀ နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးထွန်းညွှန့်-ဒေါ်စောရီမိသားစုက ငွေကျပ် ၃၀၀၀၀ စုစုပေါင်းအလှူငွေကျပ် ၁၄၀၀၀၀ကို အမှူးဆောင် ဒေါ်တင်တင်မာကလက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (Pre.Ph.D)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

# ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၂၇ရက်(စနေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်ထူးထူးအောင် ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း-၅၅၇၅၁၉၊ ဦးဝင်းကို ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဖုန်း- ၅၀၃၁၄၇၊ ဦးအုန်းမြင့် ကျောင်းအုပ်ကြီး(ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၁၉၄၊ ဒေါ်တင်တင်ရှု လက်ထောက်ညွှန်ကြားရေးမှူး(သင်ရိုး) (DEPT) ဖုန်း- ၅၅၇၆၇၅၊ ဦးအောင်သွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီး(၁) ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း-၀၂-၆၆၄၀၁၊ ဦးသက်နိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း-၂၁၂၉၇၄၊ ဦးအေးကြိုင် ရခိုင်ပြည်နယ်ပညာရေးမှူး ဖုန်း-၀၄၃-၂၃၃၈၄၊ ဒေါ်ကြူကြူရွှေ ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း-၅၅၄၉၆၄(အိမ်)၊ ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက(၂) တာမွေ ဖုန်း-၅၄၂၃၁၇၊ ဦးရှိန်းလိန်းအောင် ကျောင်းအုပ်ကြီး အထက(၁) မရမ်းကုန်း ဖုန်း-၆၆၀၅၃၄နှင့် ဒေါ်ခင်သန်းထွေး အထပြ(ငြိမ်း) ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**နိုဝင်ဘာ ၆ရက်က သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်နေ သူရိန်ရွာဦးကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း သိမ်ကျောင်းဆောက်ရန်အတွက် သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်နေ ဖခင်ကြီး ဦးမောင်နုအားရည်စူး၍ ဒေါ်ပုတင်နှင့် သားသမီးများက အလှူငွေကျပ် ၁၀သိန်းကို ဆရာတော် ဘဒ္ဒန္တကုမာရထံ ဆက်ကပ်လှူဒါန်းစဉ်။** (၄၀၀)

# ညောင်ဦးအထက ပညာရေးငွေပဒေသာပင် စိုက်ထူမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းကို ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)ကကြီးမှူး၍ စေတနာရှင်များနှင့် ကျောင်းသူ ကျောင်းသားဟောင်းများ၏ လှူဒါန်းငွေများဖြင့် ပြင်ဆင်လျက်ရှိပြီး ကျောင်းသူ ကျောင်းသားများ၏ ပညာရည်တိုးတက်မြင့်မားရေးလုပ်ငန်းများ ပါဝင်ကူညီဆောင်ရွက်နိုင်ရန် ပညာရေးငွေပဒေသာပင် ရန်ပုံငွေ စိုက်ထူကြမည်ဖြစ်သည်။

စေတနာရှင်များနှင့် ကျောင်းသူ ကျောင်းသားဟောင်းများသည် ညောင်ဦး အထက ကျောင်းအုပ်ကြီး ဦးစိုးမင်း ဖုန်း ၀၆၁-၆၀၂၇၀၊ ကျောင်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်မောင် ဖုန်း ၀၆၁-၆၀၃၇၈နှင့် ပုဂံ-ညောင်ဦး မြို့နယ်အသင်း(ရန်ကုန်) နာယက ဦးဘစော ဖုန်း ၀၁-၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း၀၁-၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန်း ဖုန်း ၀၉-၈၀-၂၂၇၄၄၊ ၀၁-၅၄၉၉၄၈ နှင့် အတွင်းရေးမှူး ဦးသောင်းညွှန့် ဖုန်း ၀၁-၅၅၉၀၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**Advanced Vision Co., Ltd. မှ အတိုင်ပင်ခံ အရာရှိ ဦးကျော်ကျော် Panasonic ကုန်ပစ္စည်း အသစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)



# Panasonic ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

Advanced Vision Co.,Ltd. နှင့် Panasonic ကုမ္ပဏီတို့ ပူးပေါင်း ကျင်းပသော Panasonic ၏ နောက်ဆုံးပေါ် VIERA Plasma ရောင်စုံရုပ်မြင်သံကြားစက်၊ LCD ရောင်စုံရုပ်မြင်သံကြားစက်များ၊ HDMI Home Theatre နှင့် REAL PRO MOMI Massage Chairများ မိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီတွင် ကမ်းနားဟိုတယ်ခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာPanasonicစင်ကာပူမှ Ms. Joanneက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Advanced Vision Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းဝေက အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး Advanced Vision Co., Ltd. မှ အတိုင်ပင်ခံ အရာရှိ ဦးကျော်ကျော်က Panasonic ၏ နောက်ဆုံးပေါ် ရုပ်မြင်သံကြားစက်များနှင့် Massage Chair များ၏ အသေးစိတ်လုပ်ဆောင်ချက်များ၊ အသုံးဝင်ပုံများကို ရှင်းလင်းတင်ပြသည်။ Panasonic ၏ နောက်ဆုံးပေါ် ရုပ်မြင်သံကြားစက်များ Massage Chair နှင့် အခြားထုတ်ကုန်ပစ္စည်းများကို ဝယ်ယူလိုကြသူများသည် Advanced Vision Co.,Ltd. အမှတ် ၂၈၅ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၆၆၂၀ နှင့် ၂၄၆၅၁၃ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြသည်။

**(သတင်းစဉ်)**

# အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပြန်လည်ယှဉ်ပြိုင် လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်း ရှုံးပွဲမရှိဦးဆောင်လျက်ရှိ

**သတင်းမှတ်စု - ကိုဇွေး**

ရန်ကုန် နိုဝင်ဘာ ၇

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) အမှတ်ပေးဘောလုံးပြိုင်ပွဲကို အောက်တိုဘာ၂၈ရက် ပွဲစဉ်များအပြီး ခေတ္တရပ်နားထားခဲ့ရာမှ ယနေ့ ညနေပိုင်းမှစ၍ ပြန်လည်ယှဉ်ပြိုင်ကစားလျက်ရှိသည်။**

## ရှုံးပွဲမရှိ ဦးဆောင်

၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း(မြန်မာလိဂ်) အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၁ရက်မှစတင်၍ကျင်းပခဲ့ရာ အောက်တိုဘာ၂၈ရက်ပွဲစဉ်များအပြီးတွင် တစ်သင်းလျှင် ခုနစ်ပွဲစီ ကစားပြီးဖြစ်သည်။ အဆင့်မြင့်တန်း(မြန်မာလိဂ်) အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၄သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/ အခွန်အသင်းက ရှုံးပွဲမရှိ ဦးဆောင်လျက်ရှိသည်။

## ဂိုးမရှိသရေ

ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

## ကမ္ဘောဇနိုင်

ယနေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ မြန်မာ့မီးရထားအသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကမ္ဘောဇအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

## ရရှိထား

ယနေ့ပွဲစဉ်များအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ရှစ်ပွဲကစား ၂၂ မှတ်၊ ကမ္ဘောဇအသင်းက ရှစ်ပွဲကစား ၁၇ မှတ်၊ စီးပွား/ကူးသန်းအသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ မြို့တော်စည်ပင်အသင်းက ရှစ်ပွဲကစား ၁၄ မှတ်၊ မြန်မာ့ မီးရထားအသင်းက ရှစ်ပွဲကစား ၁၃ မှတ်၊ ပြည်ထဲရေးအသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ စွမ်းအင်အသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ ပို့ဆောင်ရေးအသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ သစ်တောရေးရာအသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းက ခုနစ်ပွဲကစား လေးမှတ်၊ ဆောက်လုပ်ရေးအသင်းက ခုနစ်ပွဲကစား သုံးမှတ်၊ လျှပ်စစ်စွမ်းအားအသင်းက ခုနစ်ပွဲကစား တစ်မှတ်ရရှိထားကြသည်။

## ယနေ့ပွဲ

နိုဝင်ဘာ ၈ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပို့ဆောင်ရေးအသင်းနှင့်သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## မန်ယူအတွက် ဖလားများ ရယူစွမ်းဆောင်ပေးခဲ့သူ ဖာဂူဆန် အသင်းမန်နေဂျာသက်တမ်းအနှစ် ၂၀ တိုင်ခဲ့ပြီ

စုစည်းတင်ပြသူ မြင့်မောင်စိုး

လန်ဒန် နိုဝင်ဘာ ၇

**မန်ချက်စတာယူနိုက်တက် အသင်းမန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန်သည် မန်ယူအသင်းကို ကိုင်တွယ်ခဲ့သည်မှာ နိုဝင်ဘာ ၆ရက်က သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၀ရှိခဲ့ပြီဖြစ်သည်။**

အင်္ဂလန် ပရီမီယာလိဂ် စတင်ခဲ့သည့် ၁၉၉၃ခုနှစ်မှစ၍ မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီမီယာလိဂ် ချန်ပီယံ ရှစ်ကြိမ်၊ အက်ဖ်အေဖလား ငါးကြိမ်၊ လိဂ်ဖလား နှစ်ကြိမ်နှင့် ချန်ပီယံလိဂ် တစ်ကြိမ် ဖာဂူဆန်ကိုင်တွယ်စဉ်အတွင်း ဖလားများ ရယူပေးနိုင်ခဲ့သည်။

နည်းပြဖာဂူဆန်၏ ကြိုးပမ်းစွမ်းဆောင်မှုကြောင့် မန်ချက်စတာယူနိုက်တက် အသင်းသည် ယနေ့ကမ္ဘာတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ရသည်။

ကမ္ဘာ့ဘောလုံး ပရိသတ်အများစုကလည်း မန်ချက်စတာယူနိုက်တက် အသင်း၏ အောင်မြင်မှုကို အမြဲမပြတ် စောင့်ကြည့်အားပေးလျက်ရှိသည်။

**အဓိကကျ**

ထိုသို့ မန်ချက်စတာယူနိုက်တက် အသင်း အောင်မြင်မှုရနေခြင်းမှာ ဖာဂူဆန်၏ လျှို့ဝှက်သော ပြုပြင်ပြောင်းလဲမှုများက အဓိကကျနေသည်။

ယနေ့ မန်ယူ၏ကစားသမားများကို လေ့လာကြည့်လျှင် ဝါရင့်ကစားသမားများနှင့် မျိုးဆက်သစ်တို့ တွဲဖက်ထားသည်ကို တွေ့ရသည်။ ဝါရင့်ကစားသမားများဖြစ်ကြသည့် ပေါလ်စခိုး၊ ရိုင်ယန်ဂစ်၊ အသင်းခေါင်းဆောင် ဂယ်ရီနေဗေးလ်၊ အိုရှီးယားနှင့် ဖာဒီနန့်တို့သည် ဖာဂူဆန်စိတ်ကြိုက် ရွေးချယ်ထားသောအသင်း၏ အမာခံအင်အားများဖြစ်နေသည်။

၎င်း ဝါရင့် ကစားသမားများသည် စိတ်ပိုင်းဆိုင်ရာနှင့် ဘောလုံး ကျွမ်းကျင်မှု ဆိုင်ရာများပါ ကြံ့ခိုင်တောင့်တင်းသူများ ဖြစ်ကြသည်။

ယင်းဝါရင့်ကစားသမားများ အနေဖြင့် ခြေစွမ်းရှိလူငယ်များဖြစ်ကြသည့် မိုက်ကယ်ကာရစ်၊ ရွန်နေ၊ စီရိုနယ်ဒို၊ ဆာဟာအစရှိသော ကစားသမားများနှင့် တွဲဖက်လျက် တောင့်တင်းခိုင်မာသော မန်ယူအဖြစ် ဖာဂူဆန်က တည်ဆောက်ထားနိုင်ခဲ့သည်။

ထို့ကြောင့်လည်း ဖာဂူဆန်၏ မန်ယူ အသင်းသည် အောင်မြင်မှုကို ထိန်းထားနိုင်ခဲ့သည်။ ဤသည်မှာ ဖာဂူဆန်၏ လျှို့ဝှက်ချက်တစ်ခုပင်ဖြစ်သည်။ မန်ယူတို့ ၁၉၉၉ခုနှစ်က အောင်မြင်မှုမှာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ထိုနှစ်တွင် ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် အက်ဖ်အေဖလား တို့ကို တစ်နှစ်တည်း ဆွတ်ခူးနိုင်ခဲ့သည်။

**၁၉၉၉ ခုနှစ်က ဖာဂူဆန်အား ဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့မှုကို ဤသို့ မှတ်တမ်းများက ဖော်ပြခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)







ယခုနှစ် ပရီမီယာလိဂ်တွင်လည်း မန်ချက်စတာယူနိုက်တက်အသင်းသည် ၁၁ပွဲကစားရာ ကိုးပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး ရမှတ် ၂၈မှတ်ဖြင့် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီ ဖြစ်သည်။

လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းမှာ မန်ယူနောက်မှ သုံးမှတ်လျော့၍ ဒုတိယနေရာမှ လိုက်နေရသည်။ မန်ယူသည် ချယ်လ်ဆီးကို ဂိုးကွာချက်သာမက အမှတ်အသာဖြင့်ပါ ဦးဆောင်နေပြီဖြစ်သည်။ **(အင်တာနက်)**

## ဖိုင်ပရိုအကောင်းဆုံးဘောလုံးသမားဆု ဘာစီလိုနာကစားသမား ရိုနယ်ဒင်ဟိုရရှိ

**လန်ဒန် နိုဝင်ဘာ ၇**

ဘာစီလိုနာ ကွင်းလယ်ကစားသမား ရိုနယ်ဒင်ဟိုသည် ဖိုင်ပရို(FI Pro) ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည်။

ဘာစီလိုနာကစားသမား၊ ဘရာဇီးလက်ရွေးစင်ကစားသမား ရိုနယ်ဒင်ဟိုသည် အဆိုပါအကောင်းဆုံးဘောလုံးသမားအဖြစ် ကြေးစားဘောလုံးသမား ၄၃၀၀၀ က မဲပေးရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ဖိုင်ပရို(FI Pro)သည် နိုင်ငံတကာဆိုင်ရာ ဘောလုံးကစားသမားများအသင်းဖြစ်သည်။ ရိုနယ်ဒင်ဟိုသည် အဆိုပါအကောင်းဆုံးဘောလုံး သမားဆုကို နိုဝင်ဘာ၁၃ရက်တွင် အေသင်မြို့၌ အခမ်းအနားဖြင့်ဆုကို လက်ခံရယူမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

**အောင်ပွဲခံ**



**ဖိုင်ပရိုအကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးသွားသော ရိုနယ်ဒင်ဟို မေ ၁၇ရက်က ပါရီမြို့၌ ချန်ပီယံလိဂ်ဖလားနှင့်အတူ ဤသို့တွေ့ရသည်။**

(ဓာတ်ပုံ-အင်တာနက်)

## ချစ်ကြည်ရေးပွဲအတွက် ဂစ်နှင့် ဒါရင်ဝပ်တို့အား ဝေလအသင်းမှ ခေါ်ယူထား

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

**လန်ဒန် နိုဝင်ဘာ ၇**

ဝေလအသင်းသည် နိုဝင်ဘာ ၁၄ရက်၌ လက်ချင်စတိန်းနှင့် ချစ်ကြည်ရေးပွဲကစားရန် ဆန်းဒါးလန်း ဂိုးသမား ဒါရင်ဝပ်အား ပြန်လည်ခေါ်ယူထားကြောင်း ဝေလအသင်းက ပြောကြားသည်။

**အနိုင်ရရှိရေး**

ဒါရင်ဝပ်သည် ဝေလအသင်း၌ မကစားသည်မှာ သုံးနှစ်ခန့်ကြာနေပြီဖြစ်သော်လည်း ယခုပွဲတွင် အနိုင်ရရှိရေးအတွက် ပြန်လည်ခေါ်ယူထားခြင်းဖြစ်သည်။

**ပြန်လည်ခေါ်ယူ**

ထို့အတူ ဒဏ်ရာရရှိနေသဖြင့် ဝေလအသင်းတွင် မကစားနိုင်ဖြစ်နေသော အသင်းခေါင်းဆောင် ရိုင်ယန်ဂစ်ကိုလည်း ဒဏ်ရာပျောက်ကင်းနေပြီဖြစ်သဖြင့် ပြန်လည်ခေါ်ယူထားသည်။ ဝေလအသင်းအတွက်နောက်တန်းခံစစ်မှူးများဖြစ်သော ဂျိမ်းကိုလင်းနှင့် ဆမ်ရစ်ကတ်၊ ကွင်းလယ်ကစားသမားအဖြစ် ကယ်လ်ဖလက်ချာတို့ကိုလည်း ခေါ်ယူထားသည်။ ထို့အတူ တိုက်စစ်မှူး ကရင်းဒေးဗစ်ကိုလည်း အသင်း၌ ပြန်လည်ကစားရန် ခေါ်ယူမည်ဖြစ်သည်။ **(အင်တာနက်)**



ဆန်းဒါးလန်း ဂိုးသမားဒါရင်ဝပ်။

## ကွင်းလယ်ဒိုင်လူကြီးဂရေဟမ်ပူးအား မော်ရင်ဟိုဝေဖန်

လန်ဒန် နိုဝင်ဘာ ၇

**ပရီမီယာလိဂ်ပွဲစဉ်အဖြစ် တော့တင်ဟမ်အသင်းနှင့် ချယ်လ်ဆီးတို့ကစားသည့်ပွဲ၌ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည့်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး ဂရေဟမ်ပူး၏ ဆောင်ရွက်ချက်များကို နည်းပြမော်ရင်ဟိုက ပြစ်တင်ဝေဖန်ခဲ့သည်။**



ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။

**"ဒိုင်လူကြီးတွေကိုကျွန်ုပ်သိပ်မပြောချင်ပါဘူး။ သူတို့က ပြောလိုက်ရင် အကြောင်းပြချက်တွေ၊ ဆင်ခြေ ဆင်လက်တွေကို မပြီးနိုင်ပြောနေတတ်ကြတယ်။ တော့တင်ဟမ်နဲ့ ပွဲမှာတယ်ရီကိုအနီကတ်ပြခဲ့တာကတော့ ကျွန်တော် သိပ်ဘဝင်မကျဘူး"**ဟု မော်ရင်ဟိုက ပြစ်တင်ပြောကြားခဲ့သည်။

တော့တင်ဟမ်နှင့် ချယ်လ်ဆီးပွဲတွင် တယ်ရီသည် တော့တင်ဟမ်မှ ပါစကယ်ချမ်ဘွန်ဒါနှင့် မတော်တဆ ထိခိုက်သွားခဲ့သည်ကို ကွင်းလယ်ဒိုင်လူကြီး ဂရေဟမ်ပူးက နှစ်ဝါတစ်နီဖြင့် ထုတ်ပစ်ခဲ့မှုအပေါ် မော်ရင်ဟိုမကျေမနပ်ဖြစ်လျက်ရှိသည်။

မော်ရင်ဟိုအနေဖြင့် ကွင်းလယ် ဒိုင်လူကြီး ဂရေဟမ်ပူး၏ ဆုံးဖြတ်ချက်ကို ဝေဖန်ပြစ်တင်သော်လည်း ထိုနေ့က ၎င်း၏ ကစားသမားများ၏ ကြိုးစားအားထုတ်မှုကို ချီးကျူးစကား ပြောကြားခဲ့သည်။ **(အင်တာနက်)**

## ဒေးဗစ်ဘက်ဟမ်း ရီးရဲမက်ဒရစ်၌ ပထမကစားသမားနေရာရယူလို

မက်ဒရစ် နိုဝင်ဘာ ၇

**ဒေးဗစ်ဘက်ဟမ်းအနေဖြင့် ရီးရဲမက်ဒရစ်အသင်းနှင့် စာချုပ်အသစ် ချုပ်ဆိုလျှင် သူ့အားအသင်း၏ ပထမလူစာရင်းတွင် ထည့်သွင်းကစားစေရန် ဆန္ဒရှိနေကြောင်း ရီးရဲမက်ဒရစ်ကလပ်က ပြောကြားလိုက်သည်။**

ရီးရဲမက်ဒရစ်နှင့် စာချုပ်အသစ်ချုပ်ဆိုရန်ရှိနေရာ ဒေးဗစ်ဘက်ဟမ်းအနေဖြင့် အသင်း၏ ပထမကစားသမား စာရင်းတွင်ထားရှိရေးကို အချက်တစ်ခုအနေဖြင့် ထားရှိရန်ဆန္ဒရှိနေခြင်းအပေါ် မိမိတို့အနေဖြင့်ဒေးဗစ်ဘက်ဟမ်းနှင့် စာချုပ်အသစ်ချုပ်ဆိုမည်ဖြစ်ကြောင်း သို့သော်လည်း အသင်း၏ ပထမကစားသမားအဖြစ် ရပ်တည်ကစားနိုင်ရေး အချိန်ကာလ တစ်ခုစောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ ရီးရဲမက်ဒရစ်ကလပ်မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ပရီဒက်မီဂျာတိုဗစ်က ပြောကြားသည်။

အသက် ၃၁နှစ်အရွယ်ရှိ ဒေးဗစ်ဘက်ဟမ်းမှာ လာမည့်နှစ် ဇန်နဝါရီလအပြောင်းအရွှေ့ဈေးကွက်အဖွင့်တွင် အခြားကလပ်တစ်ခုသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ၎င်းကိုယ်တိုင်က ပြောကြားသည်။ ဒေးဗစ်ဘက်ဟမ်းအနေဖြင့် ရီးရဲမက်ဒရစ် နည်းပြသစ် ဖာဗီဂိုကာပယ်လို လက်ထက်တွင် ယခုနှစ် ဘောလုံးရာသီ၌ သုံးပွဲသာ ကစားရသေးသည်။

မန်ယူအသင်းမှ ၂၀၀၃ခုနှစ်၌ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့လာသော ဒေးဗစ်ဘက်ဟမ်းသည် နည်းပြ ကာပယ်လို မရောက်မီအချိန်ကာလများက ရီးရဲမက်ဒရစ်တွင် ပထမကစားသမားအဖြစ် ပွဲတိုင်းနီးပါး ကစားခဲ့ရသူဖြစ်သည်။ **(အင်တာနက်)**



ဒေးဗစ်ဘက်ဟမ်း။

# မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ ကျေးဇူးတင်လွှာ

ကေတုမတီမြို့၊ သုခသီတာခြံ၊ အမှတ် ၁၇၁ နေ
ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)-ဒေါ်ဝေဝေမြင့် တို့၏ သားလတ်

**မောင်ဇော်လှမြင့် B.A (History)**
**(Pioneer Food Centre)**

နှင့်

ကော့သောင်းမြို့၊ အမှတ် ၁၁၉၊ သီရိမြိုင်ရပ်ကွက်နေ
ဦးသန်းဝင်း-ဒေါ်ခင်အေးလွင် တို့၏ တစ်ဦးတည်းသောသမီး
ကိုမျိုးအောင်ဇင်၏ညီမ

**မသင်းဝေမိုး B.A (Geography)**

တို့၏ ၂၉-၁၀-၂၀၀၆ရက်တွင် Park Royal Hotel (Phoenix Court, Level II) ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး ဦးဇောစံဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ပြုံးယဉ်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်စိန်စိန်၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)၊ ဗိုလ်မှူးချုပ်အောင်ဝင်း(ငြိမ်း)နှင့်ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ချီးမြှင့်အပ်ပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာအောင်စံပယ် ပန်းကုံးဇန်းကိုင်ဆောင်ပေးသော ရုပ်ရှင်၊ ဗီဒီယိုနှင့်ကြော်ငြာသရုပ်ဆောင် အေးဝတ်ရည်သောင်း၊ မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင်ပေးသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ကြော်ငြာသရုပ်ဆောင် ဇာဇာမင်းထက်၊ မိတ်ကပ်၊ ဆံပင်အလှဆင်ပေးသော မိတ်ကပ် ပွင့်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Park Royal Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇော်လှမြင့်-မသင်းဝေမိုး။**







## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၁၄၂၈၇ (ဟွန်ဒါ စူပါကပ် ၁၀၀) ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအောင်နိုင် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၀၄၀၀၃၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပဲခူးတိုင်း(အနောက်ပိုင်း)**
**ပြည်မြို့။**

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

ယုဇန ဆောက်လုပ်ရေးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

**၁။ ဗိသုကာပညာရှင် ကျား/မ (၂)ဦး**

လျှောက်ထားလိုသူများသည် ၃၅နှစ်အောက်၊ B.Arch ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

ဘွဲ့လက်မှတ်မူရင်း၊ မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ မှတ်ပုံတင်မူရင်းများနှင့်အတူ **အမှတ် ၁၃၀၊ ယုဇန စင်တာ(တတိယထပ်)၊ ရွှေဂုံတိုင်** သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## ၁၉၇၄ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ TTC ကျောင်းသားကျောင်းသူဟောင်းများသို့ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းတွင် ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ ၁၉၇၇၊ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀နှင့် ၁၉၈၁ခုနှစ် ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေနှင့် အနန္တဂိုဏ်ဝင်ကျေးဇူးရှင် ဆရာ၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - **၁၉-၁၁-၂၀၀၆ (အမျိုးသားနေ့) (အင်္ဂါနေ့)**
**ကျင်းပမည့်အချိန်** - **၀၉:၀၀ နာရီ**
**ကျင်းပမည့်နေရာ** - **ပညာ့ဗိမာန်ခန်းမ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ပြည်လမ်း)**

**မှတ်ချက်။** အချိန်မီဆက်သွယ်လှူဒါန်းခြင်းမပြုနိုင်သော ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် အလွယ်တကူလှူဒါန်းနိုင်ပါရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ အဆိုပါနေ့ရက်တွင် အလှူခံဌာန ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ။**

## သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် ၃(စီ)၊ မြေကွက်အမှတ် ၄၇၊ နှစ် ၉၀ ဂရန်မြေ၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၊ ၁၄၈လမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သော နှစ်ခန်းတွဲ ငါးထပ်တိုက် အဆောက်အအုံ၏ မူလအမည်ပေါက်ပိုင်ရှင်မှာ ဦးမောင်ကြီး၊ ဒေါ်စိန်ရင်တို့ဖြစ်၍ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းနှင့်အညီ သားရင်း သမီးရင်းများဖြစ်သော ဒေါက်တာဦးကျော်သက်၊ ဒေါ်စိန်စိန်ရီ၊ ဒေါ်တင်တင်ကြည်၊ ဒေါ်စီစီဝင်း၊ ဒေါ်သန်းသန်းရီ၊ ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်သင်းသင်းမော်နှင့် ဒေါ်နှင်းဆီတို့က အမွေဆက်ခံပိုင်ဆိုင်ပါသည်။

သို့ဖြစ်ပါ၍ အမွေဆိုင်များ၏ အတိအလင်း ရေးသားလက်မှတ်ရေးထိုး သဘောတူခွင့်ပြုချက် မရဘဲ မြေ/အဆောက်အအုံ၊ တိုက်ခန်းများကို ရောင်းဝယ်ပေးကမ်း၊ ငှားရမ်း၊ ပေါင်နှံ၊ အာမခံတင်၊ စွန့်လွှတ်၊ လှူဒါန်းစသည့် လွှဲပြောင်းခြင်းများမပြုကြရန်နှင့် တရားမဝင် လွှဲပြောင်းခြင်းများအတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

**ဒေါ်ဝင်းဝင်းကြည်**
**၁၂/တမန(နိုင်)၀၂၀၆၉၈**
**၃၃၄၊ မြေညီထပ်၊ ဗညားဒလလမ်း**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**

**မြို့ရွာတစ်ခွင် သာစေချင်**
**မီးတွင်မပေါ့နှင့်**



(၉)ကြိမ်မြောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် စတုဒိသာနိဗ္ဗာန်ဈေးပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၄ရက်က သဃ်န်းကျွန်းမြို့နယ် ဓ/တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးရှေ့တွင်ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်ဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်အေး ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

# ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား FAO ဌာနချုပ်မှအကြီးအကဲတွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၇**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းအား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)ဌာနချုပ် နည်းပညာပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များဆိုင်ရာ အကြီးအကဲ Mr. Roberto Samanez သည် မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping လိုက်ပါ၍ ယမန်နေ့က နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ညှော်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်၊ ပျားလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေ၊ ရုံးအဖွဲ့မှူး ဦးကျော်မျိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ဝန်ထမ်းမိသားစုများ၏ ပဉ္စမအကြိမ် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ရက်က ရေကြောင်းပညာသိပ္ပံမွှောရုံတွင် ကျင်းပရာ ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့်ဇနီး ဒေါ်လှလှဝင်းတို့က ဆရာတော်ထံ ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)



# ဂိုးလ်ဒင်းပါဝါ အင်ဂျင်ဝိုင် မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

ဘဂျမ်းနှင့် ညီအစ်ကိုများကုမ္ပဏီလီမိတက်၏(မြန်မာ)နှင့် နက်ဒဟမ်း အယ်လ်ဂျာနာဟီထရေးဒင်း အယ်လ်အယ်လ်စီ(ယူအေအီး)တို့မှ ဂိုးလ်ဒင်းပါဝါ အင်ဂျင်ဝိုင်၏ တစ်ဦးတည်း ကိုယ်စားလှယ် ခန့်အပ်ခြင်းနှင့် ပထမအကြိမ်မြောက် မိတ်ဆက်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂ရက် ညနေပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ကမ်းနားဟိုတယ်၌ကျင်းပရာ ဘဂျမ်းနှင့်ညီအစ်ကိုများကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း(ခ) ဦးဘဂျမ်း**(အပေါ်ပုံ)**က နက်ဒဟမ်း အယ်လ်ဂျာနာဟီထရေးဒင်းအယ်လ်အယ်လ်စီမှထုတ်လုပ်သော ဂိုးလ်ဒင်းပါဝါတံဆိပ် အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီများကို မြန်မာနိုင်ငံတစ်ဝန်းလုံးဖြန့်ချိရန် ဘဂျမ်းနှင့်ညီအစ်ကိုများကုမ္ပဏီလီမိတက်အား တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်းနှင့် ဂိုးလ်ဒင်းပါဝါ အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီများနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်းပြီး မိတ်ဆက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## သက်ကြီးရွယ်အိုများနေ့ ကြို့ပင်ကောက်မြို့၌ကျင်းပ အဘိုးအဘွားများအားလက်ဆောင်ပစ္စည်းများလှူဒါန်း

**ကြို့ပင်ကောက် အောက်တိုဘာ ၂၀**

ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအဖွဲ့များနှင့် ဌာနဆိုင်ရာများစုပေါင်း၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် သက်ကြီးရွယ်အိုအဘိုး အဘွားများ ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁ ရက်က ကြို့ပင်ကောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကား ပြောကြားပြီး မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြောင်းကို ရှင်းလင်း ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာန ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ဝင်များနှင့် စေတနာရှင်များစုပေါင်း၍ အဘိုးအဘွား ၁၂၈ ဦးတို့အား ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(ဝ၄ဝ)





**မွန်ပြည်နယ် သထုံမြို့ ဟိတကာရီ ပါဠိ တက္ကသိုလ် စာသင် တိုက်ကြီးကို တည်ထောင်ခဲ့ကြသည့်ဆရာတော်သုံးပါးနှင့် နိုင်ငံတော် ပရိယတ္တိသာသနာတော် ပညာရေး ဆိုင်ရာ ဘွဲ့တံဆိပ်ကိုးမျိုးရ အရှင်ဝိလာသာလင်္ကာရအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က ပါဠိတက္ကသိုလ်စာသင်တိုက်၌ ကျင်းပစဉ်။** (ခရိုင် ပြန်/ဆက်)

**အရာတော်မြို့တွင် အမှုဆောင်အရာရှိ ဦးသိန်းမင်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမြင့်မြင့်ခိုင်နှင့် မြို့နယ်ကြက်ခြေနီများ အောက်တိုဘာ၉ရက်က စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်မှု ရှိမရှိကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

**ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၂)မြို့ဝင်လမ်း ဆောင်ရွက်ရန် ကျောက်ကြီးစုဆောင်းထားရှိမှုကို အောက်တိုဘာ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးဌေးဝင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကိုကိုအောင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)



**ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် ဝန်ထမ်းများ၊ စူပါကိန်းရေခဲစက်ပိုင်ရှင်ဦးမောင်ထွန်းမြနှင့် စက်ရုံဝန်ထမ်းများစုပေါင်း၍ စက်တင်ဘာ ၂၅ရက်က မြို့ပတ်လမ်းတွင် သစ်ပင်ပန်းပင်များ စုပေါင်း၍ စိုက်ပျိုးကြစဉ်။** (မြို့နယ်စည်ပင်)



## အုတ်တွင်းမြို့၌ အာဟာရတိုက်ကျွေး စာရေးကိရိယာနှင့် အမှိုက်ပုံးလှူဒါန်း

**အုတ်တွင်း အောက်တိုဘာ ၁၇**

အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက တပ်နယ်(အထက)မူလတန်းကျောင်းသူ ကျောင်းသားများအား အာဟာရဆန်ပြုတ် တိုက်ကျွေးပွဲအခမ်းအနားကို အောက်တိုဘာ၄ရက် နေ့လယ်ပိုင်းက တပ်နယ်(အထက)တွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းသူ ကျောင်းသား ၂၀၀တို့အား အာဟာရဆန်ပြုတ်တိုက်ကျွေးရာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က တပ်နယ်(အထက) ကျောင်းသူ ကျောင်းသားများသို့ လှူဒါန်းခဲ့သော စာရေးကိရိယာ၊ သောက်ရေသန့်ဘူး၊ အမှိုက်ပုံးနှင့် အာဟာရတိုက်ကျွေးခြင်း လုပ်ငန်းများအတွက် တပ်နယ်(အထက)ကျောင်းအုပ်ဆရာမကြီးက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(အောက်ပုံ)** (၁၁၆)




## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အလှူငွေပေးအပ်ပွဲ မိတ္ထီလာ၌ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၀**

အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက်က မိတ္ထီလာ ဘိုးဘွားရိပ်သာ ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်က သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်း တင်ပြသည်။

ထို့နောက် မိတ္ထီလာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးအောင်ရွှေက အမှာစကားပြောကြားပြီး အလှူငွေပေးအပ်ပွဲ ကျင်းပရာ ဌာနဆိုင်ရာများနှင့် အလှူရှင် ၃၅ဦးတို့က အလှူငွေကျပ် ၁၆သိန်းကိုမိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး လှုတင်ထံ ပေးအပ်လှူဒါန်းကြသည်။ (၄၁၄)

## မိုင်းရယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုင်းရယ် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အမျိုးသားညီလာခံအား ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက မိုင်းရယ်မြို့လယ် ဘုရားကြီးစေတီ ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

**စုပေါင်းဆောင်ရွက်**

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းထွန်းဆာနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(၁)၊ (၂)၊ (၃)၊ (၄)မှ ကျောင်းသား ကျောင်းသူများ စုပေါင်း ဆောင်ရွက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ပြည်မြို့နယ် စည်ပင် သာယာရေးအဖွဲ့က မြို့တွင်းလမ်းများတွင် အပေါက်များ၊ လှိုင်းများနှင့် ချိုင့်ခွက်များ မရှိစေရေးအတွက် ရွှေတချောင်းလမ်း၌ လမ်းပေါက် ဖာထေးပြုပြင်ဆောင်ရွက်မှုကို အောက်တိုဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၅ရက်**
**၉–၁၁–၂၀၀၆**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်)

**နေ့လယ်ပိုင်း**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(ဒဂုံမြို့သစ်မြောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးမှုဇုန်ထုတ်တစ်ရှူးမျိုးစုံအကြောင်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကန်တော့နည်းနှင့် ဆုတောင်း၂၄ ဖြာ (ပညာ့အလင်းပြစာပေတိုက်)
(၂) ကိုယ်တွေ့ ဂမ္ဘီရဖြစ်ရပ်ဆန်း ဝတ္ထုတိုများ (စာစဉ်–၁)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ
(အစားအသောက်သတင်း)
(မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ
(ထမင်းပေါင်းနှင့် ချိုချဉ်ကြော်)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) စံပယ်တစ်ခက်မွှေးနေစေချင်သည် (ခနဖြူ ဇော်ဦး)
(၂) စံပယ်တစ်ခက်မွှေးနေလျက် (ချိုပြုံး)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ်
(ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ
(ပုဂံမြေ၏ လျှို့ဝှက်ချက်)

၁၉:၄၀ ခေတ်မရွေးသောတေးများ
(၁) ကိုယ်ဆင်ပေးမယ့်ပန်း (တင်ဦးလေး)
(၂) သူပို့သသောမေတ္တာကြောင့် (သန်းသန်းဆင့်)
(၃) အချစ်ချောင်းလေးခြားမှာစီးတယ် (မိုးမင်းဝင်း)
(၄) အရိပ်ပမာ မခွဲခွာ (အေးအေးအောင်)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်အားငယ်ရသူမယ် (စန္ဒရားချစ်ဆွေ)
(၂) ဘယ်နွေဘယ်ဆောင်းချစ်ဟောင်းမပြေ (တက္ကသိုလ်နီနီမာ)
(၃) ငွေနှင်းစိုစို (ကိုမြကြီး)



**ဘုရားသုံးဆူမြို့ အမှတ်(၂)ရပ်ကွက် ဒေါနလမ်းအတွင်း အောက်တိုဘာ ၅ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်ကျော်လင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)



# ပန်းတစ်ပွင့်တောင် စုပေါင်းမဟာဘုံကထိန်ကျင်းပ၊ စေတီတော်များ ဆီမီးပူဇော်

တိုက်ကြီး နိုဝင်ဘာ ၇

**ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင်ပညာရေး (အထက်တန်း)(အခမဲ့) ကျောင်းအုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရအား အမှူးထား၍ (၁၀)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ၊ စုပေါင်းကံဆင့် သိက္ခာထပ်ပွဲ၊ ပန်းတစ်ပွင့်တောင် စေတီတော်များအား ဆီမီး၊ နံ့သာ(၉၉၀၀)စီ ပူဇော်ပွဲ၊ မယ်ဇလီဖူးသုပ်နှင့် တိုင်းရင်းဆေး စတုဒိသာကျွေးပွဲတို့ကို နိုဝင်ဘာ ၄ရက်က အဆိုပါသာသနာ့နယ်မြေ၌ကျင်းပရာ ရေးဦးစွာ ရွှေပြည်သာမြို့၊ သုဝဏ္ဏမြို့၊ တိုက်ကြီးမြို့နှင့် ဖူးကြီး၊ လက်ပံတန်းစု၊ ဝါးပတော၊ အင်းဂန်၊ ရေကြည်စမ်း၊ ကျောင်းစုကျေးရွာများနှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရော်ဘာစိုက်ခင်းတို့က ပဒေသာပင်များကို အတီးအမှုတ်၊ အကအခုန်များဖြင့် ပန်းတစ်ပွင့်တောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။**

ထို့နောက် သာသနာ့သောဘိဏီ ခန္ဓသိမ်တော်၌ ပန်းတစ်ပွင့်တောင် ဆရာတော်အား စုပေါင်းကံဆင့် သိက္ခာထပ်ပွဲကျင်းပပြီး အလှူရှင်များက သိမ်ဆင်းလောင်းလှူကြသည်။

### ရေစက်ချ

ယင်းနောက် မဟာဓမ္မသုခဗိမာန်၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချပွဲ အခမ်းအနားကိုကျင်းပရာ ဦးဝင်းနိုင်-ဒေါ်ချိုချို၊ ဦးမျိုးညွန့်-ဒေါ်တင်တင်ဝင်း၊ ဦးမြင့်စိုး-ဒေါ်မြမြစိုး မိသားစုများနှင့် ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့ (အင်းစိန်မြို့နယ်)မှ အလှူရှင်များက ဆရာတော်ထံ ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းအုပ်ဆရာကြီး ဦးသိန်းဌေး-ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်း မိသားစုက ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ဘောပင်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် ထေရာဝါသမဋ္ဌရီစံကျောင်း၌ ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀) အဖွဲ့(အင်းစိန်မြို့နယ်)က စုပေါင်း ကန်တော့ပွဲကို ကျင်းပရာ အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူ-စိုးဝင်း)က လှူဒါန်းရခြင်းနှင့် စပ်လျဥ်း၍ လျှောက်ထားပြီး အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်(တောင်တွင်း-ဘိုကြည်)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)တို့က လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်နှစ်အိတ်၊ ကျွန်းတံခါးတစ်ချပ်တို့ကို လှူဒါန်းကြသည်။

### ကျွေးမွေး

ညပိုင်းတွင် ပန်းတစ်ပွင့်တောင်ဆရာတော်နှင့် ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀) အဖွဲ့(အင်းစိန်မြို့နယ်)မှ အဖွဲ့ဝင်များ၊ အလှူရှင်များက ပန်းတစ်ပွင့်တောင် စေတီတော်များအား ဆီမီး၊ နံ့သာ(၉၉၀၀)တို့ကိုကပ်လှူ ပူဇော်ကြပြီး **(အပေါ်ဝဲပုံ)** ပန်းတစ်ပွင့်တောင်ဆရာတော်က ဆေးပဋ္ဌာန်းရွတ်ပွဲကျင်းပကာ ဘုရားဖူးများ ကျန်းမာစေရန်အတွက် မယ်ဇလီဖူးသုပ်နှင့် တိုင်းရင်းဆေး စတုဒိသာများကို ကျွေးမွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပုသိမ်မြို့ အမှတ် ၃ နယ်မြေ ရတနာသီရိ(ဂေါက်ကလပ်)ကျောင်းတွင် (၃၉) ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို အောက်တိုဘာ ၂၂ရက်က ကျင်းပရာ ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တနေမိန္ဒ(နယ်လှည့်ဓမ္မကထိက) အရှင်မြတ်ထံ ပုသိမ်မြို့ ဓမ္မရေစင်သာသနာ့အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်လင်းနှင့် အဖွဲ့ဝင်များက ကထိန်သင်္ကန်းဆက်ကပ်စဉ်။** (က-ပ)



## လောကမာရဇိန်စေတီ ဆီမီးများပူဇော်

**အင်းတော် အောက်တိုဘာ ၂၃**

အင်းတော်မြို့ မြို့မကျောင်း ဂေါပကအဖွဲ့ကကြီးမှူး၍ အောက်တိုဘာ ၆ရက် နံနက် ၅နာရီက မြို့မကျောင်း လောကမာရဇိန်စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြပြီး ညနေပိုင်းတွင် အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာကို ကျင်းပကြ၍ ညပိုင်းတွင် ဂေါပကအဖွဲ့နှင့် အလှူရှင်များက စေတီတော်ကြီးအား ဆီမီးများဖြင့် ပူဇော်ကြသည်။ (၁၃၃)

**ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်တွင် မသိုးသင်္ကန်း အလှူတော်ငွေအတွက် မရမ်းကုန်းမြို့နယ် ကြွေရည်သုတ်စက်ရုံမှ (စက်ရုံမှူး) ဒေါ်တင်စန်းက အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က အလှူငွေလက်ခံစဉ်။** (က-ပ)



**ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် နတ်တလင်းမြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်လွင်နှင့် ဝန်ထမ်းများ အောက်တိုဘာ ၁၅ ရက်က မြို့နယ် မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ အရှေ့တံခွန်တိုင်ကျောင်း ဆရာတော် ဦးဣန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။**



(မြို့နယ် ပြန်/ဆက်)

# စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းတိုးရေး နည်းပညာပေးဆွေးနွေး၊ ကြက်ဆူဆီထုတ်မှုသရုပ်ပြ

**မိုင်းဖြတ် နိုဝင်ဘာ ၃**

မိုင်းဖြတ်မြို့နယ် စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းတိုးရေး နည်းပညာပေး ဆွေးနွေးပွဲနှင့် ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်မှု လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ရက် နံနက် ၁၀နာရီက မိုက်သရီကျိုက်မိန်း ဘုရားဓမ္မာရုံ၌ ကျင်းပသည်။

### အမှာစကားပြော

ရှေးဦးစွာ မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဦးစောမျိုးသန့်က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးသန့်ဇင်နှင့် မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးဌေးအောင်တို့က သီးနှံစိုက်စွမ်းအား (ရာခိုင်နှုန်း ၁၅၀) ပြည့်မီရေးနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာဦးအောင်မြင့်က စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းတိုးရေး လုပ်ငန်း နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### တက်ရောက်

ထို့နောက် ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်မှု လက်တွေ့သရုပ်ပြပွဲကျင်းပရာ အခမ်းအနားသို့ နမ့်လန်းကျေးရွာအုပ်စု၊ ဝမ်လုံးကျေးရွာအုပ်စုနှင့် နမ့်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာ ၁၂ ရွာမှ တောင်သူများ တက်ရောက် ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# အသိဉာဏ်ပညာတိုးပွားရေးဆောင်ရွက် ညောင်တုန်းမြို့နယ်၌ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာဆွေးနွေး

**ညောင်တုန်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးသည် အောက်တိုဘာ ၁၉ရက်နှင့် ၂၀ရက်တို့က မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်နှင့်အတူ ညောင်တုန်းမြို့နယ်အတွင်းရှိ ဆားမလောက်၊ ဇီးဖြူကျွန်း၊ စကြော့၊ ကြိမ်ပင်ဆယ်ကျေးရွာများတွင် ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို စစ်ဆေးကြသည်။

ကျေးရွာစာကြည့်တိုက်များစစ်ဆေးရာတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ကျေးလက်နေပြည်သူများ အသိဉာဏ်ပညာ ပိုမိုတိုးပွားရေးအတွက် ကျေးလက်စာကြည့်တိုက်များတွင် စာအုပ်မျိုးစုံကို အမြဲမပြတ် လေ့လာဖတ်ရှုနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ဝန်ကြီးဌာန၏ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ရေး၊ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ ကျေပွန်စွာဆောင်ရွက်ရေး၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးများကို ရှင်းလင်းမှာကြားသွားသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**




## သက်တမ်းရှည်ကြာ သက်ရှိရတနာ ပင်လယ်လိပ်မျိုးထိန်းသိမ်းပါ




**ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးနှစ် (၂၀၀၆) ခုနှစ်**

**Year of the Turtle 2006**

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**


# ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်း ဖလမ်း၌ဖွင့်

**ဖလမ်း အောက်တိုဘာ ၂၅**

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းတွင် ကျင်းပသည်။

### ပို့ချ

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခွဲစိတ်ရောဂါများ၊ ကင်ဆာ၊ အမျိုးသမီးနှင့်ကလေးရောဂါစောလျင်စွာညွှန်းပို့ခြင်းကို ဒေါက်တာဇော်ဇော်ကလည်းကောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်းကို ဒေါက်တာခင်မောင်သောင်းကလည်းကောင်း၊ တီဘီ၊ အနာကြီး၊ ပိုလီယိုနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ကျန်းမာရေးမှူး(၁) ဦးထန်နော်လ်ကလည်းကောင်း ပို့ချကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းအား နေပြည်တော်လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီး လည်ပတ်ရန် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြု တပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✡

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းတို့ တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေး အမြင်ချင်းဖလှယ်



**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းတို့သည် ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

## တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ဌေးဦး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ နိုင်ငံခြား ရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးညွှန့်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေး မှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊

*စာမျက်နှာ ၉ ကော်လံ ၁* ●

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး